(ည) ယေရှုခရစ်တော်၏ ဖခမည်းတော်သည် ထာဝရဘုရားကိုယ်တော်ပင် ဖြစ်တော်မူကြောင်း (မ ၃း၁၇၊ လု ၁း၃၁–၃၅၊ ဟေဗြဲ ၁း၂–၅၊ ၁ပေ ၁–၃)။

## အခန်း ၃

## လူသား
## (Man)

၃/၁ **လူသားကို မည်သို့ဖန်ဆင်းခဲ့သနည်း။**

လူသားဖြစ်ကြသော ယောကျ်ားနှင့် မိန်းမကို ထာဝရဘုရား၏ ပုံရိပ်တော်အတိုင်း ဖန်ဆင်းတော်မူခဲ့ခြင်း ဖြစ်ပါသည် (က ၁း၂၇)။ ထာဝရ ဘုရားသည် (ပထမဆုံး လူသားကို မြေမှုန့်အားဖြင့် ပုံစံဖေါ်တော် မူခဲ့ပါသည်။ ထိုလူသားထဲသို့ ထာဝရဘုရားရှင်မှ အသက်ဇီဝကို မှုတ်ပေးတော်မူပြီး လူသားသည်လည်း အသက်ရှိသော သတ္တဝါဖြစ်လာ၏ (က–၂း၇)။ လူသား အာဒံအား ကူညီရန် အလို့ငှါ အာဒံ၏ နံရိုးမှ လူမိန်းမကို ဘုရားသခင် ဖန်ဆင်းတော်မူခဲ့၏ (က–၂း၁၈)။

၃/၂ – **လူသားသည် တိရစ္ဆာန်များမှ ဖြည်းဖြည်းခြင်း ပြောင်းလဲဖြစ်ပေါ် လာခဲ့သော သတ္တဝါဖြစ်သည် – ဆိုသော အယူအဆကို သမ္မာကျမ်း စာအုပ်က ထောက်ခံပါသလား။**

လုံးဝမထောက်ခံပါ။ ပထမဦးဆုံးလူသားဖြစ်ခဲ့သော အာဒံနှင့် ဧဝတို့သည် ထာဝရ ဘုရားရှင်က ဖန်ဆင်းကြောင်းသာလျှင် သမ္မာကျမ်းစာ တော်မြတ်က ထောက်ပြပါသည်။ ထို့နောက် အခြားသော လူသားများ အားလုံးသည်လည်း ယောကျ်ား မိန်းမ မဆို အာဒံနှင့် ဧဝမှ ဆင်းသက် ပေါက်ဖွါးလာသူများ ဖြစ်ကြကုန်၏ (က–၁း၂၈၊ ၃း၂၀၊ မ ၁၉း၄၊ ရော ၅း၁၂)။

၃/၃ **လူသားအားလုံးသေဆုံးကြောင်းအဖြစ်မှန်ကို သမ္မာကျမ်းစာမြတ်က မည်သို့ရှင်းပြပါသနည်း။**

အာဒံသည် ထာဝရဘုရားရှင်ကို ပုန်ကန်သူဖြစ်ခဲ့သည်။ အာဒံ၏



# ဗတ္တိဇံခံရန်ပြင်ဆင်ခြင်း
# Preparing For Baptism

## မာတိကာ

**နိဒါန်း**
၁။ သမ္မာကျမ်းစာအုပ်ကြီး
၂။ ထာဝရဘုရားရှင်
၃။ လူသား
၄။ အပါယ်ငရဲ
၅။ ကယ်တင်ရှင် ယေရှုခရစ်တော်
၆။ ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း
၇။ ယေရှုခရစ်တော်ကောင်းကင်ဘုံသို့ ကြွမြန်းတော်မူခြင်း
၈။ ယေရှုခရစ်တော် ဤကမ္ဘာမြေကြီးသို့ ပြန်ကြွလာခြင်း
၉။ အနာဂတ်ရှင်ဘုရင် ယေရှုခရစ်တော်
၁၀။ ဘုရားသခင်၏ နိုင်ငံတော်
၁၁။ သတင်းကောင်းတရားတော်
၁၂။ ရှင်ပြန်ထမြောက်ခြင်း၊ တရားစီရင်ခြင်းနှင့် ထာဝရအသက်ရှင်ခြင်း
၁၃။ သန့်ရှင်းသောဝိညာဉ်တော်
၁၄။ ကောင်းကင်တမန်များ
၁၅။ အပြစ်ဒုစရိုက်၊ မကောင်းမှု၊ စာတန်မာရ်နတ်နှင့် နတ်ဆိုးကြီး
၁၆။ နတ်ဆိုးများနှင့် မသန့်ရှင်းသောဝိညာဉ်များ
၁၇။ ထာဝရအသက်ရရှိရာလမ်း
၁၈။ ဗတ္တိဇံ မင်္ဂလာ
၁၉။ ခရစ်ယာန်၏အသက်တာ
၂၀။ မိတ်သဟာယဖွဲ့ခြင်း
၂၁။ ခရစ်ယာန်ဘာသာရေးဆိုင်ရာ ဝေါဟာရ

## အခန်း ၁
## သမ္မာကျမ်းစာအုပ်ကြီးအကြောင်း
## The Bible

### ၁/၁ သမ္မာကျမ်းစာအုပ်ဆိုသည်မှာအဘယ်နည်း။

သမ္မာကျမ်းစာအုပ်ကဲ့သို့သော အခြားစာအုပ်ဟူ၍ ကမ္ဘာမြေပေါ်မှာ မရှိပါ။ အဘယ်ကြောင့်ဆိုသော် –

(က) ထာဝရဘုရား၏ နှုတ်ကပတ်တော်ဖြစ်ပြီး လူသားများထံ မိန့်ဆိုတော်မူသော တရားစကားဖြစ်ပါသည် (ဟေဗြဲ ၁း၁–၂၊ ၂တိ ၃း၁၆–၁၇)။

(ခ) ထာဝရဘုရားအကြောင်းရှိသော စစ်မှန်သည့် ပညာဗဟုသုတ ယေရှုခရစ်တော်နှင့် ကယ်တင်ခြင်း တရားအကြောင်းများကို တင်ပြနိုင်သော တစ်ဆူတည်းသောကျမ်းသည် သမ္မာကျမ်းစာအုပ်သာလျှင် ဖြစ်ပါသည် (ဟေဗြဲ ၁း၁–၂၊ ဆာ–၁၃၈း၂၊ ၂တိ ၃း၁၆၊ ဆာ ၁၁၉း၁၆၀)။

(ဂ) ရေးသားပြုစုသူများသည် ထာဝရဘုရားရှင်၏ ဝိညာဉ်တော် လမ်းပြညွှန်ကြားခြင်းကို ရရှိသူများဖြစ်ကြ၍ (၂ပေ ၁း၂၁၊ ၁ပေ ၁း၁၁)။

(ဃ) ယုံကြည်ပြီး လိုက်နာကျင့်သုံးသူဟူသမျှအားလုံးအတွက် ထာဝရအသက်အာမခံချက်ပေးသော စာအုပ်မြတ်ကြီးဖြစ်ပါသည် (ယော ၁၇း၃။ ရော ၂း၇၊ ၂ပေ ၁း၁၁)။

### ၁/၂ သမ္မာကျမ်းစာအုပ်ပါ ရေးသားတင်ပြချက်များကို မည်ကဲ့သို့ အကောင်းဆုံး နားလည်နိုင်သနည်း။

(က) သမ္မာကျမ်းစာပါအကြောင်းအရာများနားလည်သဘောပေါက်ပြီး လက်ခံယုံကြည်နိုင်ရန်အတွက် သမ္မာကျမ်းစာကို ပုံမှန်ဖတ်ရှုခြင်းပြု ရပါမည်။ ဤသို့ဖတ်ရှုသောအခါ ထာဝရဘုရား၏ ကောင်းကြီးမင်္ဂလာ ခံစားရရှိနိုင်ရန် ဆုတောင်းဆက်ကပ်ခြင်းအားဖြင့် အစပြုရပါမည် (၁တိ ၄း၁၃၊ ဆာ ၁၁၉း၁၀၃–၁၀၅၊ ယေ ၁၅း၁၆)။

(ခ) အနက်အဓိပ္ပါယ်ပြန်ဆိုရာတွင် သမ္မာကျမ်းစာအုပ်သည်ပင်လျှင်၊ အမှန်ဆုံးနှင့် အကောင်းဆုံးအနက် ဖော်နိုင်သူဖြစ်ပါသည်။ ဖတ်ရှုပြီးမှ နားမလည်နိုင်သောအပိုင်းများ အချက်အလက်စကားလုံးများ အကြောင်းအရာများကို ကျမ်းစာအုပ်ပါအခြားနေရာများသို့ လေ့လာ



ဖတ်ရှုခြင်းအားဖြင့် နားလည် သဘောပေါက်သွားနိုင်ပါသည် (လု ၂၄း၂၅–၂၇၊ ၁ကော ၂း၁၃)။

## အခန်း ၂

## ထာဝရဘုရားရှင်
## (God)

### ၂/၁ ထာဝရဘုရားရှင်အကြောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာက မည်သို့ သွန်သင်ပါသနည်း။

(က) တစ်ဆူတည်းစစ်မှန်သော ထာဝရဘုရားရှင်ဖြစ်သည် (ဟေရှာ ၄၄း၈၊ ၄၅း၅၊ ထွက် ၂၀း၃၊ ဧဖက် ၄း၆)။

(ခ) ထာဝရဘုရားသည် နာမ်ဝိညာဉ်ဖြစ်တော်မူကြောင်း (ယော ၄း၂၄)။

(ဂ) အရာခပ်သိမ်းဖန်ဆင်းရှင်သည် ထာဝရဘုရားဖြစ်တော်မူကြောင်း (က–၁း၁၊ ဟေရှာ ၄၅း၁၈)။

(ဃ) အရာခပ်သိမ်းကို ထိန်းချုပ်သူ၊ အရာခပ်သိမ်းကို သိရှိနိုင်သူ၊ လူသားတို့ စိတ်ထဲရှိ အတွေးများအားလုံးကို သိရှိနိုင်သူသည် (ထာဝရဘုရားရှင် ဖြစ်တော်မူကြောင်း (ဟေရှာ ၄၅း၇၊ ဆာ–၁၃၉း၁–၁၂)။

(င) သန့်ရှင်းစင်ကြယ်ပြီး စစ်မှန်သော ဘုရားတစ်ဆူတည်းသာ ရှိတော်မူ ကြောင်း (တရား ၆း၄၊ မာလ ၂း၁၀၊ မာ ၁၂း၂၉၊ ၁ကော ၈း၆)။

(စ) ထာဝရဘုရားသည် သန့်ရှင်းစင်ကြယ်ပြီး သစ္စာတရားဖြစ်တော် မူကြောင်း (ထွက် ၁၅း၁၁၊ ဟေရှာ ၆း၃၊ ဆာ ၁၉း၉)။

(ဆ) ကျေးဇူးပြုတတ်သူနှင့် ကြင်နာတတ်သူထာဝရဘုရားဖြစ်တော်မူကြောင်း (ထွက် ၃၄း၆၊ ရော ၂း၄၊ ဆာ–၁၀၃–၈း၁၄)။

(ဇ) တရားမျှတစွာပြုကျင့်သူဖြစ်တော်မူသောကြောင့် ဆိုးယုတ်သော သူများကို ပြစ်ဒဏ်ပေးတတ်သူထာဝရဘုရား ဖြစ်တော်မူကြောင်း (တရာ ၃၂း၄၊ ဆာ ၁၄၅း၂၀၊ ရော ၁း၁၈)။

(ဈ) ထာဝရဘုရားသည် ဤကမ္ဘာမြေကြီးနှင့် လူသားများ အနာဂတ်အတွက် စီမံကိန်းတစ်ခုရှိသည် (တော ၁၄း၂၁၊ ဟေရှာ ၄၅း၁၈၊ ဗျာ ၂၁း၄)။

# ကယ်တင်ရှင်ယေရှုခရစ်တော်
## (Jesus Christ the Saviour)

၅/၁ **ယေရှုခရစ်တော်ဆိုသူသည် မည်သူနည်း။**

(က) သူသည်ထာဝရဘုရား၏ တစ်ပါးတည်းသောသားတော်ဖြစ်တော်မူ၏။ လူသားဖခင်မရှိခဲ့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သော ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်သည် မယ်တော်မာရိဆိုသော ပျိုကညာစစ်စစ်အပေါ် အံ့ဖွယ်ကောင်းသော အမှုကိုလုပ်ဆောင်တော်မူ ခဲ့ပါသည် (လု ၁း၃၂၊ ၃၅၊ မ ၁း၂၀–၂၅၊ ၃း၁၇၊ ယော ၁း၄၉ နှင့် ၁၀း၃၆)။

(ခ) မည်သို့ဆိုစေ ယေရှုခရစ်တော်သည် အာဒံမှ ဆင်းသက်လာသော မာရိ၏ သားဖြစ်ပြီး လူသားတစ်ဦးဖြစ်တော်မူ၏။ ကလေးဘဝမှ ကြီးပြင်းလာပြီး အစာရေဆာငတ်တတ်သောသူဖြစ်က ငိုယိုတတ်ပြီး စာတန် သွေးဆောင်ခြင်းကို ခံခဲ့သူဖြစ်လာရင်း ဒုက္ခဆင်းရဲခံစားပြီးမှ အခြား လူသားများကဲ့သို့ သေသွားခဲ့ပါသည် (ဟေဗြဲ ၂း၁၇၊ ဟေရှာ ၅၃း၃၊ ယော ၁၁း၃၅၊ ၁၉း၃၃)။

၅/၂ **ထာဝရဘုရား၏သားတော် ယေရှုခရစ်တော်ကြွလာခြင်း အကြောင်းရင်း ရည်ရွယ်ချက်ကား အဘယ်နည်း။**

(က) ကျွန်ုပ်တို့အတွက် အသေခံရန်ကြွလာသည် (ယော ၁၀း၁၁–၁၅၊ တ ၂း၂၃)။

(ခ) ကျွန်ုပ်တို့အား ထာဝရဘုရားထံ ပြန်လည်ခေါ်ဆောင်သွားရန် (ဧဖက် ၂း၁၆၊ ရော ၅း၁၀၊ ယော ၁၄း၆)။

(ဂ) အနန္တတန်ခိုးရှင်ထာဝရဘုရားဖြစ်တော်မူသော သူ့ခမည်းတော်ကို ကမ္ဘာသားများက နားလည်သိရှိနိုင်ကြစေရန် (ယော ၁း၁၈၊ ၁၂း၄၅၊ ၁၄း၉း၁၇း၆–၂၆)။

(ဃ) သူ့ခမည်းတော်၏ ဂုဏ်တော်အနန္တဖြစ်တော်မူသော သန့်ရှင်းစင်ကြယ်ခြင်း ဖြောင့်မတ်ခြင်းကျေးဇူးတော်တရား၊ သစ္စာတရားနှင့် မေတ္တာတရား စသည်များကိုဖော်ပြရန်အတွက် ကြွလာတော်မူခဲ့၏ (ယော ၁း၁၄–၁၇၊



ပြစ်ဒဏ်ကြောင့် ထာဝရဘုရားရှင်သည် အာဒံကို သေဒဏ်ချမှတ်တော်မူ ခဲ့ပါသည် (က–၃း၁–၁၉)။ ထိုကျိန်စာပြစ်ဒဏ်ကြီးသည်လည်း အာဒံထံမှ ကျွန်ုပ်တို့လူသားအားလုံးအပေါ် ကျရောက်သွားခဲ့ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့လူသားများအားလုံးသည် အာဒံမှဆင်းသက်လာသူများ ဖြစ်ကုန်ကြပြီး အာဒံအားဖြင့် သဘာဝအလျောက် ဘုရားသခင်ကို တော်လှန်ပုန်ကန်သူများ ဖြစ်ကြကုန်၏ (ရော ၃း၉–၁၀၊ ယေ ၁၇း၉၊ မာ ၇း၂၁–၂၃၊ ရော ၅း၁၂)။

၃/၄ **အပြစ်ဒုစရိုက် – ဆိုသည်မှာအဘယ်နည်း။**

အပြစ်ဟူသည် သတ်မှတ်ထားသောအရာကို လွဲချော်မှုဖြစ်ပြီး အဓိပ္ပါယ်မှာ ထာဝရဘုရားရှင်အား ချစ်ခင်မှုမရှိခြင်းနှင့် ပညတ်တော် မနာခံ မကျင့်သုံးခြင်းပင်ဖြစ်ပါသည်။ ဘုရားရှင်၏ ပညတ်တော် တစ်ပါးပါး ချိုးဖေါက်တိုင်း၊ ကျွန်ုပ်တို့အပြစ်ကျူးလွန်၏။ မိမိကိုယ်ကို မိမိအပြစ်ရှိနေကြောင်း မသိနားမလည်တတ် ခြင်းသည်ပင်လျှင် အပြစ်ဖြစ်သည် (၁ယော ၃း၄၊ ဝတ် ၄း၂၇၊ ယာ ၄း၁၇)။

၃/၅ **သေခြင်းတရားဆိုသည်မှာအဘယ်နည်း။**

သေခြင်းသည်အပြစ်ကျူးလွန်မှုကြောင့်ခံရသော ပြစ်ဒဏ်ကြီးဖြစ်ပါသည်။ (က ၂း၁၇၊ ရော ၆း၂၃၊ ယေဇ ၁၈း၄)။

၃/၆ **လူတွေသေဆုံးသောအခါ မည်သို့ ဖြစ်သွားကြသနည်း။**

လူတွေသေဆုံးသောအခါ တည်ရှိမှုရပ်စဲသွား၏ (မရှိကြတော့ချေ)။ သေဆုံးသူများသည် စဉ်းစားတွေးခေါ်ခြင်း ကင်းမဲ့သွားကြ၏။ သူတို့ လုပ်နိုင်သောအရာဟူ၍မရှိပါ။ ခံစားမှုလည်းမရှိပေ။ အိပ်မက်မရှိသော နက်ရှိုင်းစွာ အိပ်ပျော်ခြင်းထဲသို့ ရောက်ရှိသူများနှင့်တူပြီး အသိဉာဏ် လုံးဝကင်းမဲ့နေကြ၏ (ဆာ–၆း၅၊ ၄၉း၁၂၊ ၁၄၊ ၂၀၊ ၁၄၆း၃–၄၊ ဒေ ၉း၅–၆၊ ယော–၁၁း၁၁–၁၄)။

၃/၇ **ကျွန်ုပ်တို့ခန္ဓာကိုယ်သေဆုံးပြီးနောက် ကျွန်ုပ်တို့ဝိညာဉ်ဆက်လက်အသက်ရှင်ဦးမည်လား။**

အသက်ရှင်ခြင်းမရှိတော့ပါ။ မသေနိုင်သော အသက်ဝိညာဉ်အကြောင်း သမ္မာကျမ်းစာထဲ၌ မပါရှိပါ။ အသက်ဝိညာဉ် (သက္ကု) ဆိုသော စကားလုံးသည် အသက်ရှင်သော သတ္တဝါတိုင်းကိုဆိုလိုပါသည်။ လူသားများ၊ တိရစ္ဆာန်များ၊ ငှက်များ၊ ငါးများ၊ ပိုးကောင်လေးများအားလုံး အသက်ရှင်လှုပ်ရှားကြောင်း ဖေါ်ပြသောစကားလုံးဖြစ်ပါသည်။ သမ္မာကျမ်းစာမြတ်ထဲ၌ အသက်ဝိညာဉ်သေဆုံးနိုင်ကြောင်းနှင့် သေဆုံးမည့်အကြောင်းဖေါ်ပြထားပါသည် (ယေဇ ၁၈း၄၊ ၂၀။ ဆာ–၈၉း၄၈)။

၃/၈ **ဤလူ့ဘဝ၏ အခြားဖက်၌ မည်သည့်မျှော်လင့်ချက်မျှမရှိဘူးလား။** ရှိပါသည်။ သို့သော် ယေရှုခရစ်တော်၌သာရှိပါသည်။ သူသည် အပြစ်တရားနှင့် သေခြင်းတရားကို အောင်တော်မူသောသူဖြစ်ပါသည်။ ဤလောကသို့ ခရစ်တော် ဒုတိယအကြိမ်ကြွလာချိန်တွင် လူသေများ အားလုံးသေခြင်းမှ ထမြောက်ကြပြီးနောက် တရားစီရင်ခြင်းလည်း ခံကြရမည်။ သူ့အပေါ် သစ္စာစောင့်ထိန်းသူများသည် သူ့နိုင်ငံတော်ထဲသို့ မင်္ဂလာအပေါင်းနှင့် ဝင်ရောက်ကြရမည် (၂တိ ၁း၁၀၊ ၁ကော ၁၅း၂၁–၂၃၊ ဒံ ၁၂း၂၊ ယော ၅း၂၈–၂၉၊ မ ၂၅း၃၁–၃၄)။ (အခန်း ၁၂ မှာ ဆက်လက် ကြည့်ရှုသင့်ယူပါ)။

## အခန်း ၄
## ငရဲပြည်
## (Hell)

၄/၁ **ငရဲဆိုသည်မှာအဘယ်နည်း။**

ငရဲဆိုသော စကားလုံးတွေ့ရှိဖတ်ရှုရာစာမျက်နှာတိုင်း၌ ငရဲဆိုသည်မှာ သင်္ချိုင်းသုသာန်ပြင်ကြီး၏ အခြားနာမည်တစ်ခုဖြစ်ကြောင်း ဖတ်ရှု ရပါသည်။



ယေရှုခရစ်တော်အသေခံသွားချိန်၌ သူ့ကို သင်္ဂြိုဟ်မြှုပ်နှံ သော နေရာသည် ငရဲ (သို့မဟုတ်) သင်္ချိုင်းသုသာန်ထဲ၌ လဲလျောင်း ခြင်းဖြစ်ပြီး ရှင်ပြန်ထမြောက်သောအခါ၌မူ ငရဲထဲမှ (သို့မဟုတ်) သင်္ချိုင်းထဲမှ ထမြောက်ထွက်ခွါခဲ့ခြင်းဖြစ်ပါသည် (ယေဇ ၃၂း၂၇–၂၉၊ တ ၂း၂၅–၃၁)။

၄/၂ **အဘယ်ကြောင့် ယေရှုခရစ်တော်က၊ ငရဲကို ပူပြင်းသောမီးနှင့် ပြစ်ဒဏ်ခတ်ရာနေရာအဖြစ်ဟောကြားတော်မူခဲ့သနည်း။**

ဓမ္မသစ်ကျမ်းသည် ဂရိဘာသာဖြင့် ပထမဦးဆုံးရေးသားခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်က ပူပြင်းသော မီးရှိရာ ငရဲပြည်သည် ဂေဟင်းနားဖြစ်ကြောင်း ဟောဆိုသောအခါ ယေရှုခရစ်တော်ပြောဆိုသော ဂရိဘာသာ စကားလုံးကို အမှန်တကယ်သုံးစွဲခဲ့ပါသည်။ ဤစကားလုံးများကို ငရဲ (နူ)ဟု ပြန်ဆိုခြင်းကို (မာ ၉း၄၃–၄၈ နှင့် မ ၁၀း၂၈) ထဲ၌ အမှန်တကယ် ဖတ်ရှုရပါသည်။ ထိုအရာ(ငရဲ)သည်လည်း မြေကြီးပေါ်၌ ရှိသောနေရာတစ်ခု၏ အမည်နာမဖြစ်ပါသည်။ ဂေဟင်းနားသည် ယေရုရှလင်မြို့ကြီး၏ အပြင်ဖက်အရပ်တွင် ရှိခဲ့သော တောင်ကြားနေရာ တစ်ခုဖြစ်ပြီး ယေရုရှလင်မြို့ထဲရှိ အမှိုက်သရိုက်များ စွန့်ပစ်သောနေရာ ဖြစ်သောကြောင့် လောင်ကျွမ်းသောမီးသည်လည်း ငြိမ်းသက်ခြင်းမရှိ အမြဲတမ်းလောင်ကျွမ်းသောနေရာဖြစ်ခဲ့ပါသည်။ တစ်ခါတစ်ရံ ထိုနေရာကို ဟန္နုသားများ၏ တောင်ကြားဟုခေါ်ကြ၏ (ယောရှု၁၅–၈)။ ထို့ကြောင့် ယေရှုခရစ်တော်ဆိုလိုသော အဓိပ္ပါယ်မှာ ဂေဟင်းနာ အမှိုက်ပုံမီးလျှံကြီးက ယေရုရှလင်မြို့ကြီး၏ စွန့်ပစ်အမှိုက်များကို လောင်မြိုက်ပြီး ရှင်းပစ်သကဲ့သို့ ဆိုးယုတ်သောသူများကိုလည်း ထာဝရဘုရားက အမှန်တကယ်ရှင်းလင်းတော်မူမည်ဟုဆိုလိုခြင်း ဖြစ်ပါသည်။ ဂေဟင်းနာဆိုသောစကားလုံးကို ယေရှုကိုယ်တော်က ပုံဥပမာတော်၌ အသုံးပြုမိန့်ဆိုတတ်ပါသည်။

## အခန်း ၅

ဖြစ်သောကြောင့်တည်း (ဆာ ၁၁၀း၁–၂၊ ဒံ ၇း၁၃–၁၄)။

(ခ) ခရစ်တော်ကိုယ်တိုင်က သူ့တပည့်တော်တို့ထံ သူပြန်လာမည့်အကြောင်း ကတိတော်ထားခဲ့သောကြောင့် (မ ၁၆း၂၇၊ ဗျာ ၂၂း၁၂)။

(ဂ) ထာဝရဘုရားရှင်၏ ကောင်းကင်တမန်တော်က မိန့်ဆိုခဲ့ခြင်းကြောင့် (တ ၁း၁၁)။

(ဃ) တမန်တော်တို့က ထိုကဲ့သို့သွန်သင်ဟောကြားခဲ့သောကြောင့် (တ ၃း၂၀–၂၁၊ ၁သက် ၄း၁၆)။

၈/၂ မည်သည့်အချိန်ပြန်ကြွလာမည်နည်း။

ဘုရားရှင် သတ်မှတ်တော်မူသော မကြာခင် အနာဂတ်ကာလ၌ ပြန်ကြွလာမည်။ ယေရှုခရစ်တော်မှ သူကြွလာချိန်နီးကပ်သည့်အကြောင်း သိရှိရိပ်မိနိုင်သော နိမိတ်လက္ခဏာများ မိန့်ဆိုခဲ့ပြီး သူပြန်ကြွလာမည့်အချိန်ကို မျှော်တလင့်လင့်နှင့် စောင့်ကြည့်ကြရမှာကြားခဲ့သော်လည်း နေ့ရက်နှင့်အချိန်ကိုမူ မည်သူကမျှ သိရှိနိုင်ခြင်းမရှိပါ (မ ၂၄း၄၂–၄၄၊ တ ၁၇း၃၁၊ ရော ၂း၆ နှင့် ၁၆)

၈/၃ ထို့အကြောင်းအရာကို ယနေ့ကျွန်ုပ်တို့အနေဖြင့် မည်သို့သိရှိနိုင် သနည်း။

လု ၂၁း၂၄–၂၇ ကို ဖတ်ကြည့်လျှင် ခရစ်တော်ကြွလာချိန်ဆိုင်ရာ နိမိတ်လက္ခဏာများ ယနေ့အခါ ပြီးပြည့်စုံလင်နေပြီးဖြစ်ကြောင်း မြင်တွေ့သိရှိနိုင်ပါသည်။ ဂျူးလူမျိုးတို့ အစ္စရေးလ်နိုင်ငံ ပြန်လည် ရောက်ရှိလာကြပုံ ယေရုရှလင်မြို့ကြီးအား တပါးအမျိုးသားများ၏ ဆက်လက်အုပ်ချုပ်ခြင်းမရှိပုံ(၂၁း၂၄)များကို မြင်တွေ့နေရပြီး ဤကမ္ဘာ မြေကြီးပေါ်မှာလည်း ထုထည်ကြီးမားသော ဒုက္ခဆင်းရဲခြင်း၊ ကြောက်ရွံ့ တုန်လှုပ်ခြင်းနှင့် ဆိုးသွမ်းယုတ်မာရမ်းကားခြင်း (အကြမ်းဖက်ခြင်း) များရှိနေပါသည်(၂၁း၂၅–၂၆)။ ယေရှုခရစ်တော်သာမကြာခင် ကြွလာခြင်းမရှိလျှင် လူသားအချင်းချင်းသတ်ဖြတ်သေကြေပျက်စီး ကုန်လိမ့်မည်(မ ၂၄း၃၆–၄၁၊ ၂တိ ၃း၁–၅ နှင့် ယေဇ ၃၇း၂၁–၂၈– ဖတ်ပါ)။

**မှတ်ချက်**။ အေဒီ (၇၀) နှင့် (၁၉၄၈) ခုနှစ်များအကြား၌ အစ္စရေးလ်နိုင်ငံဟူ၍ မရှိခဲ့ပါ။ ၁၉၁၇ ခုနှစ်တွင် တူရကီတို့၏ လက်မှ ဗြိတိန်တို့၏ လက်သို့၊ အစ္စရေးလ်နိုင်ငံပြောင်းလဲကျဆင်းသွားခဲ့သည်။ အာရပ်လူမျိုးများစွာ နေထိုင်ကြသော်လည်း ဂျူးလူမျိုးက ထောင်ဂဏန်းလောက်သာ ရှိခဲ့ပါသည်။



ရော ၃း၂၄–၂၆)။

(င) နိုင်ငံတော်နှင့်ယှဉ်သော သတင်းကောင်းတရားတော် ဟောကြား မိန့်ဆိုရန် (လု ၄း၁၈၊ လု ၄း၁၈။ ၉း၆၊ ၂၀း၁)။

(စ) ခရစ်ယာန်အမှုတော်ဆောင်ခြင်းနှင့် တရားတော်နာခံကျင့်သုံးခြင်းဆိုင်ရာ အနက်အဓိပ္ပါယ်ကို လူသားများ အားဖော်ပြရန် (လု ၂၂း၄၂၊ ယော ၅း၃၀၊ ၈း၂၉)။

၅/၃ "ယေရှုခရစ်တော်က ကျွန်ုပ်တို့အားထာဝရဘုရားထံတော်သို့ မည်ကဲ့သို့ ပြန်လည်ပို့ဆောင်နိုင်သနည်း။" ကျွန်ုပ်တို့လူသားများသည် ဖခင်ထံမှ ထွက်ပြေးသွားသော အိမ်ပြေးသားသမီးများနှင့်တူပါသည်။ အပြစ်တရားကြောင့် ထာဝရဘုရားနှင့် ကွဲကွာသူများဖြစ်ကြပါသည်။ သို့သော် ခရစ်တော်က သူ၏အပြစ်ဆိုဖွယ်မရှိ ပြီးပြည့်စုံလင်သော သူ့အသက်နှင့် အသေခံလိုသော စိတ်ထားတော်အားဖြင့် ကျွန်ုပ်တို့အား ထာဝရဘုရားထံပြန်လည်ခေါ်ဆောင်သွားနိုင်ပါသည်။ မယ်တော်မာရိ၏ ဝမ်းထဲမှ မွေးဖွားသူဖြစ်ခဲ့ခြင်းကြောင့် ယေရှုခရစ်တော်သည် လူသားပင်ဖြစ်သော်ငြားလည်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မွေးဖွားသူလည်း ဖြစ်ခြင်းကြောင့် ထာဝရဘုရား၏ သားတော်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ယေရှုခရစ်တော်သည် ကျွန်ုပ်တို့လူသားများအတွက် ထာဝရ ဘုရား၏ ကိုယ်စားလှယ်တော်ဖြစ်ပြီးဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့၏ ကိုယ်စားလှယ်တော်ကြီးလည်းဖြစ်တော်မူ၏။ သမ္မာကျမ်းစာမြတ်ထဲ၌ ကြားဝင်လမ်းခင်းသူဖြစ်ကြောင်း ဖတ်ရှုရပါသည်။(အဓိပ္ပါယ်မှာ ကျွန်ုပ်တို့ အတွက် ဘုရားရှင်၏ကိုယ်စားလှယ်တော်ဖြစ်ပြီး ဘုရားရှင်အတွက်လည်း ကိုယ်စားလှယ်တော်ဖြစ်သည်ဟူ၍ဖြစ်ပါသည်။ လူသားပီပီ ယေရှုကိုယ်တော်သည်လည်း သွေးဆောင်လှည့်ဖျားမှုခံခဲ့ရသူဖြစ်ပါသည်။ သို့သော် လူသားများထက် သာသွားခြင်းသည် အပြစ်တရားကို အမြဲအောင်တော်မူခြင်းပင်ဖြစ်ပါသည်။ အစစအရာရာ၌ သူ့ခမည်းတော်၏ စကားကိုနာခံပြီး အထူးသဖြင့် ကျွန်ုပ်တို့၏ အပြစ်များအတွက် ပူဇော်ရာယဇ်ကောင်းအဖြစ် ကားတိုင်ပေါ်အတင်ခံရင်း အသေခံသွားသည် အထိ သူ့ခမည်းတော်အား နာခံသွားခဲ့ပါသည်။ ဤကဲ့သို့သော ယေရှုခရစ်တော်၏ လုပ်ဆောင်မှုကို အမှန်တကယ် ယုံကြည်ပြီးမှ

ဗတ္တိဇံခံရသော အပြုအမူအားဖြင့် ဖေါ်ပြခြင်းရှိပါက ထာဝရဘုရားရှင်မှ ကျွန်ုပ်တို့၏ အပြစ်များခွင့်လွှတ်ပေးတော်မူခြင်းကိုရရှိခံစားပြီး ဘုရားရှင်၏ သားသမီးများ (ကလေးငယ်များ) အဖြစ်သို့ ဘုရားရှင်ကိုယ်တော်တိုင် လက်ခံတော်မူပါသည် (ဟေဗြဲ ၂း၁၄၊ ၁၇၊၁၈၊ ၁တိ ၂း၅၊ ဟေဗြဲ ၄း၁၅–၁၆၊ ၂ကော ၅း၂၁၊ ရော ၈း၂–၄)။

## အခန်း ၆

## ယေရှုခရစ်တော်–ရှင်ပြန်ထမြောက်တော်မူခြင်း။
## Jesus Christ - His Resurrection

၆/၁ **ယေရှုခရစ်တော်အသေခံသွားပြီးမှ သူ့အပေါ် မည်သည့်အမှုများ ဖြစ်ပေါ်ခဲ့သနည်း။**

ယေရှုခရစ်တော်အား ဂူသင်္ချိုင်းတစ်ခုထဲ၌ သင်္ဂြိုဟ်သွားခဲ့ကြပါ သော်လည်း ထာဝရဘုရားရှင်က ခရစ်တော်အား ထာဝရကာလ အသက်ရှင်ခြင်းသို့ ရှင်ပြန်ထမြောက်စေတော်မူခဲ့သည် (မ ၂၇း၅၇–၆၀၊ ၂၈း၁–၇၊ ရော ၁း၄၊ ၁ကော ၁၅း၃–၄၊၂၀ ဗျာ ၁း၁၈)။

၆/၂ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်သွားခဲ့သနည်း။

(က) အကြောင်းမှာ ယေရှုခရစ်တော်သည် အပြစ်ကင်း၍သေဆုံးထိုက်သောသူ မဟုတ်သောကြောင့် ဖြစ်ပါသည်။ အပြစ်၏အဖိုးအခကား သေခြင်း ဖြစ်သည်။ ထို့ကြောင့်ထာဝရဘုရားက သူ့ကိုသေခြင်းမှ ရှင်ပြန် ထမြောက်စေတော်မူခဲ့၏ (ရော ၆း၂၃၊ တ ၂း၂၄၊ ဖိ ၂း၈–၁၁)။

(ခ) ခရစ်တော်အား ရှင်ပြန်ထမြောက်စေတော်မူသောကြောင့် ခရစ်တော်အား အမှန်တကယ်ယုံကြည်သူတိုင်းကိုလည်း ဤကဲ့သို့ထမြောက်ခြင်းမင်္ဂလာ ဆုလာဘ်ပေးမည်ကိုဖေါ်ပြခြင်းဖြစ်တော်မူ၏။ ယေရှုခရစ်တော်အား အမှန်တကယ်ယုံကြည်ပြီး၊ သူ့ပညတ်တော်တရားစကားများကို နာခံကျင့်သုံးကာ ကယ်တင်ခြင်းဆိုင်ရာ ထာဝရဘုရား၏ ကျေးဇူးတော်အပေါ်



အားကိုးမှီခိုကြသည်မှန်လျှင် နောက်ဆုံးကာလနေ့ရက်၌ သေခြင်းမှ ရှင်ပြန်ထမြောက်ကြလိမ့်မည် (၁ကော ၁၅း၂၁–၂၃၊ ၂ကော ၄း၁၃–၁၈)။

## အခန်း ၇

## ယေရှုခရစ်တော် ကောင်းကင်ဘုံကြွပြန်ခြင်း
## Jesus Christ - His Ascension

၇/၁ **အဘယ်ကြောင့် ယေရှုခရစ်တော်ကောင်းကင်ဘုံသို့ ကြွမြန်းတော်မူ သနည်း။**

(က) ရှင်ပြန်ထမြောက်တော်မူပြီးမှ ရက်ပေါင်း (၄၀) ကြာတိုင်အောင် ဤမြေကြီးပေါ်နေထိုင်ပြီးနောက် ယေရှုခရစ်တော်သည် ထာဝရဘုရား စံပါယ်တော်မူရာကောင်းကင်ဘုံသို့ ကြွမြန်းတော်မူခဲ့သည်။ ကောင်းကင် တမန်များထက် သာလွန်သော အဆင့်သို့ ထာဝရဘုရားက ချီးမြှောက် ဂုဏ်ပြုခြင်းဖြစ်ပြီး ခမည်းတော်၏ ပြီးပြည့်စုံသော ဂုဏ်တော် အပေါင်း၌ ပါဝင်ရန် ချီးမြှောက်ခံရခြင်းဖြစ်ပါသည် (ဟေဗြဲ ၁း၃–၄၊ ဖိ ၂း၉–၁၀၊ ဗျာ ၅း၁၂–၁၃)။

(ခ) ယခုအခါ ယေရှုခရစ်တော်သည် ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့အတွက် အကြီးမြတ်ဆုံးသော ယဇ်ပုရောဟိတ် ဖြစ်တော်မူပါပြီ။ ကျွန်ုပ်တို့၏ ဆုတောင်းပဌနာပြုချက်များကို ထာဝရဘုရားရှင်ထံတော်သို့ တင်ပြပြီး ကျွန်ုပ်တို့ကိုယ်စားလျှောက်လဲချက်ပေးတော်မူ၏ (ရော ၈း၃၄၊ ဟေဗြဲ ၄း၁၄–၁၅၊ ၇း၂၄–၂၇)။

## အခန်း ၈

## ယေရှုခရစ်တော် ကမ္ဘာမြေကြီးသို့ပြန်ကြွလာမည့်အကြောင်း။
## Jesus Christ - His Return to Earth

၈/၁ ဤမြေကြီးပေါ်သို့ ခရစ်တော်ပြန်လည်ကြွရောက်လာမည်ကို သင်မည်သို့ သိရှိသနည်း။

(က) အဘယ်ကြောင့်ဆိုသော် ဓမ္မဟောင်းကျမ်းပါ ထာဝရဘုရား၏ ကတိတော်

အုပ်ချုပ်နေပါသည် (ဆာ ၁၀၄၊ ဒံ ၄း၁၇)။

ခေတ်အဆက်ဆက်တစ်လျှောက်လုံး၌ ဘုရားရှင်သည် သူ၏ သစ္စာတရားနှင့်တကွ သူ၏အုပ်ချုပ်ခြင်း နိုင်ငံတော်အကြောင်းကို သိရှိနိုင်ရန်အတွက် လူသားများကို ဖိတ်ခေါ်လျက်ရှိပါသည် (တ ၁၅း၁၄၊ ၁ပေ ၂း၉ နှင့် ဗျာ ၁း၆)။ ထိုကဲ့သို့ ခေါ်တော်မူခြင်း အမှန်တကယ် ခံရသူသည် ထာဝရဘုရား၏ နိုင်ငံတော်နှင့်ယှဉ်သော သတင်းကောင်း တရားတော်ကို ယုံကြည်ကာ လိုက်နာကျင့်သုံးမှု ရှိပါသည်။ နာခံမှုထဲ၌ ဗတ္တိဇံ အမှုလည်း ပါဝင်ပါသည် (မာ ၁၆း၁၆)။ ယုံကြည်သူများသည် ဘုရားရှင်ထံ ဘဝအပ်နှံမှုပြုကြပြီး ယေရှုခရစ်တော်ကို အရှင်သခင် အဖြစ် အသိအမှတ်ပြုကြ၏။ သူတို့၏ စိတ်နှလုံးထဲမှာလည်း ယေရှုခရစ်တော်အား သန့်ရှင်းစင်ကြယ်စွာ ဆက်ဆံမှုပြုကြပါသည် (၁ပေ ၃း၁၅)။ ဤပုံစံအတိုင်း ဘုရားရှင်၏ မိသားစုကို ဖွဲ့စည်းမှုရှိပြီး နောက် ယေရှုခရစ်တော် ကြွလာချိန်၌ တကမ္ဘာလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖေါ်မည့် ဘုရားသခင်၏ နိုင်ငံတော်ကြီး တည်ထောင်ခြင်းသို့ အဆင်သင့်ဖြစ်စေရန် အသက်ရှင်နေထိုင်ခြင်း ရှိကြ၏ (ဧ ၃း၁၄–၁၉၊ ဗျာ ၅း၉–၁၀)။

၁၀/၅ **ဒုတိယထမြောက်ခြင်းနှင့် တရားစီရင်ခြင်းနောက်ပိုင်း၌ ဘုရားသခင်၏ နိုင်ငံတော်မည်သည့်ပုံစံဖြစ်လိမ့် မည်နည်း။**

ထာဝရဘုရားသည် အရာခပ်သိမ်းဖြစ်သွားတော်မူလိမ့်မည် (၁ကော ၁၅း၂၈)။ ဘုရားသခင်သည် လူသားများနှင့်အတူတကွ နေထိုင်စံမြန်း တော်မူမည်။ ဗိမာန်တော်ကြီးလည်း လိုအပ်မည်မဟုတ်ပါ။ နေ့နှင့်ညလည်း ရှိလိမ့်မည်မဟုတ်။ ဘုရားသခင်သည် ထိုနေရာ၌နေထိုင်သူတို့ အားလုံး အတွက် အလင်းရောင်ဖြစ်ပြီး ထိုပုံစံဖြင့် ထာဝရကာလ ဤကမ္ဘာကြီးကို အုပ်ချုပ်သွားကြလိမ့်မည် (ဗျာ ၂၁း၃၊၂၂း၅)။

## အခန်း ၁၁



ယနေ့အခါမှာမူ အစ္စရေးလ်နိုင်ငံသည် အင်အားကြီးတစ်နိုင်ငံဖြစ်လာပြီး ဂျူးလူမျိုးပေါင်း (၆) သန်းလောက်နေထိုင်ကြပါပြီ။ ဤအချက်သည် ဘုရားရှင်အုပ်ချုပ်သောနိုင်ငံတော်တည်ရှိလုနီးပြီဖြစ်ကြောင်း သိသာထင်ရှားလှသောအချက်ကြီးဖြစ်နေပါသည် (ယေ ၃၀း၃၊ ၂၂–၂၄၊ ယေဇ ၃၆း၂၄–၂၈၊ ၃၇း၂၁–၂၈)။

## အခန်း ၉

# ယေရှုခရစ်တော်သည် အနာဂတ်၏ ရှင်ဘုရင်ကြီး ဖြစ်တော်မူခြင်း

၉/၁ **ယေရှုခရစ်တော်သည် ရှင်ဘုရင်အဖြစ် မွေးဖွားခဲ့ပါသလား။**

မွေးဖွားခဲ့ပါသည်။ ဂျူးလူမျိုးတို့၏ ရှင်ဘုရင်အဖြစ် ယေရှုခရစ်တော် မွေးဖွားခဲ့ပါသည်။ ပိလတ်မင်းကြီးရှေ့၌လည်း ယေရှုခရစ်တော်ကိုယ်တိုင် သူသည် ရှင်ဘုရင်ဖြစ်ကြောင်း ဖွင့်ဆိုတော်မူခဲ့ပါသည်။ သူအသေခံသွားချိန်၌လည်း ခေါင်းတော်ပေါ်ထိုးထားသော စာတန်းကြီးမှာ “နာဇရက်မြို့သား ယေရှုခရစ်၊ ဂျူးလူမျိုးတို့၏ ရှင်ဘုရင်”ဟူ၍ဖြစ်ပါသည်။ ယေရှုခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင် ဖြစ်လာမူ၏ (မ ၂း၂၊ ယော ၁၈း၃၇၊ ၁၉း၁၉၊ ဆာ ၇၂း၁၁၊ ဗျာ ၁၉း၁၆)။

၉/၂ **သူ၏အုပ်ချုပ်ရေးအာဏာကို အစ္စရေးလ်နိုင်ငံနှင့် တကမ္ဘာလုံး အပေါ် ယေရှုခရစ်တော်က မည်သည့်အခါ စတင်မည်နည်း။**

ကမ္ဘာမြေကြီးပေါ် ပြန်ကြွလာသောအချိန်၌ စတင်ပါလိမ့်မည် (မ ၁၉း၂၈၊ လု ၁၉း၁၁–၁၂း၁၅၊ ဒံ ၂း၄၂–၄၄၊ ဇာ ၁၄း၉)။

အစ္စရေးလ်နိုင်ငံသည် ယေရှုခရစ်တော်အုပ်ချုပ်သော ပထမဆုံးနိုင်ငံဖြစ်လာမည်။ ထိုမှတစ်ဆင့် တကမ္ဘာလုံးကို တဖြည်းဖြည်းခြင်း အုပ်ချုပ်သွားလိမ့်မည် (ယေ ၂၃း၅–၆၊ ဆာ ၇၂း၈၊ ဟေရှာ ၂း၃–၄၊ ဇာ ၁၄း၉)။

၉/၃ **မည်သည့်နေရာ၌ ယေရှုခရစ်တော်က အုပ်ချုပ်မည်နည်း။**

ယေရုရှလင်မြို့တော် ဒါဝိဒ်မင်းကြီး၏ ရာဇပလ္လင်တော်ပေါ်၌ ထိုင်တော်မူမည် (လု ၁း၃၂၊ ဟေရှာ ၉း၆-၇၊ မ ၅း၅၊ ဇာ ၆း၁၂-၁၃)။

၉/၄ **ယေရှုခရစ်တော်အား ရှင်ဘုရင်အဖြစ်မည်သည့် အချိန်၌လက်ခံ ရမည်နည်း။**

ကျွန်ုပ်တို့ ဗတ္တိဇံ ခံရသောအချိန်တွင် ဤကမ္ဘာလောကကြီးနှင့် မသက်ဆိုင်ကြတော့ပါ။ နိုင်ငံသားဖြစ်မှုကို ယေရှုခရစ်တော် အောက်၌ ခံယူကြပြီး၊ ခရစ်တော်ပြန်လည်ကြွလာခြင်းကို စောင့်ကြည့်ကြပါသည် (ဖေ ၂း၁၉-၂၂)။

## အခန်း ၁၀

# ဘုရားသခင်၏ နိုင်ငံတော်
# The Kingdom of God

၁၀/၁ **ဤမြေကြီးပေါ်၌ ဘုရားသခင်၏နိုင်ငံတော်ရှိခဲ့ဘူးပါသလား။**

ရှိခဲ့ဘူးပါမည်။ အစ္စရေးလ်နိုင်ငံအား ဘုရားရှင်၏ နိုင်ငံတော်ဟု ခေါ်ဆိုလာခဲ့ကြပါသည် (၅ရာ ၂၈း၅၊ ၂၉း၂၃)။ ယေရှုခရစ်တော်ပြန်ကြွလာချိန်၌ အစ္စရေးလ်နိုင်ငံကို ပြန်လည်ထူထောင်မည်။ သို့သော် ဘုရားရှင်၏ ရောက်ရှိလာမည့်နိုင်ငံတော်သည် ရှေးဟောင်းအစ္စရေးလ်နိုင်ငံတော် ထက်ပင် ပို၍သာလွန်ကောင်းမွန်သော နိုင်ငံတော်ဖြစ်ပါသည်
(ယေဇ ၂၁း၂၅-၂၇၊ လု ၁း၃၂-၃၃)။

၁၀/၂ **ဘုရားသခင်နိုင်ငံတော်သို့ မည်သူတွေဝင်ရောက်နေထိုင်ကြ မည်နည်း။**

ထာဝရဘုရား၏ကတိတော်ကို ယုံကြည်ပြီးလိုက်နာကျင့်သုံးသူဖြစ်လျှင် ဒုတိယအကြိမ်ကြွလာသောအခါ ခရစ်တော်က ထိုကဲ့သို့သော ယုံကြည်သူတို့အား ထာဝရအသက်ရှင်ခြင်းအဖြစ်သို့ ပြုလုပ်တော်မူမည်။ ထိုအခါ သူ့နိုင်ငံတော်အုပ်ချုပ်ရေး၌ ကျွန်ုပ်တို့လည်း ပါဝင်ကူညီသူဖြစ်ကြပါလိမ့်မည်။ သာမန်လူသားများ နောက်ဆုံးကာလအချိန် ကပ်ဆိုးဘေးဆိုးကြီးကို ဖြတ်ကျော်ရှင်သန်သွားသူရှိကြလိမ့်မည်ဖြစ်ရာ ထိုသူတို့သည်လည်း ဘုရားရှင်နိုင်ငံတော်သို့ ဝင်စားနေထိုင်ကြပါလိမ့်မည်။ ထာဝရအသက်ရသူက ထိုလောကီသားတို့အား ထာဝရဘုရား၏ ဝါဒလမ်းစဉ်များကို သွန်သင်ပေးတော်မူမည် (မ ၁၉း၂၇-၂၉၊ လု ၁၉း၁၅-၁၉၊ ဗျာ ၅း၁၀၊ ၂၀း၆၊ ဟေရှာ ၆၅း၂၀-၂၂)။

၁၀/၃ **ဘုရားသခင်နိုင်ငံတော်၌ မည်သို့သော ဘဝအသက်တာပုံစံဖြစ် မည်နည်း။**

ကမ္ဘာပေါ်ရှိ သာမန်လူသားတို့သည် ကမ္ဘာမြေကြီးကို ထွန်ယက်လုပ်ကိုင်စိုက်ပျိုးကြကာ အကျိုးကျေးဇူးကြီးမားစွာ ဖြစ်ထွန်းသွားလိမ့်မည်။ စစ်မှန်သော ဘုရားကို သူတို့ကကိုးကွယ်လာကြပြီး ပညတ်တော်ကို စောင့်ထိန်းလိုက်နာကြလိမ့်မည်။ထိုအခါ ဘုရားရှင်ကပျော်ရွှင်ချမ်းသာမှုပေးပြီး ရောဂါပေါင်းစုံကင်းငြိမ်းစေတော်မူမည်။ မုန်းတီးခြင်းနှင့်စစ်တိုက်ခြင်းများသည် ချုပ်ထိန်းခြင်းရှိလိမ့်မည်။ ကာလအတော်ကြာ သောအခါ နောက်ဆုံးထမြောက်ခြင်းနှင့် တရားစီရင်ခြင်းရှိလိမ့်မည်။ သစ္စာရှိသူများအနိစ္စဘဝမှ လွတ်ကျွတ်သွားကြလိမ့်မည် (ဟေရှာ ၂း၃-၄၊ ၁၁း၁-၉။ ၃၅၊ ဆာ ၇၂။ ၁ကော ၁၅း၂၄၊၂၈၊ ဗျာ ၂၀း၃၊၁၂-၁၅၊ ၂၁း၄)။

၁၀/၄ **ယခုအခါ ဘုရားရှင်၏နိုင်ငံတော်ဖွဲ့စည်းမှုရှိနေပြီလား။**

ခရစ်တော် ဤမြေကြီးပေါ်မကြွလာသမျှကာလပတ်လုံး ဤလောက အုပ်ချုပ်ရေးနှင့် ဆိုင်သောနိုင်ငံသည် ဘုရားသခင်၏ နိုင်ငံတော်ဖြစ် လာမည် မဟုတ်ပါ (ဒံ ၂း၄၄၊ ၇း၂၇၊ ဗျာ ၁၁း၁၅-၁၈)။ သို့သော် သူ၏ သတ္တဝါများနှင့် နိုင်ငံများအရေး၌မူ ဘုရားရှင်သည် ယခုလည်း

## အခန်း ၁၂

## ရှင်ပြန်ထမြောက်ခြင်း၊ တရားစီရင်ခြင်းနှင့် ထာဝရအသက်

Resurrection, Judgment and Eternal Life

၁၂/၁ **ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သောကျမ်းစာ၏ ဆိုလိုသော အဓိပ္ပါယ်ကား အဘယ်နည်း။**

ယေရှုခရစ်တော်ကိုယ်တိုင် သေခြင်းမှရှင်ပြန်ထမြောက်သကဲ့သို့ သေဆုံးသော လူသားများရှင်ပြန်ထမြောက် ရသောအချိန်သည်လည်း ရှိကြောင်းကို ဆိုလိုပါသည် (တ ၂း၂၉–၃၂၊ ၂၆း၂၃၊ ၁ကော ၁၅း၁၂–၂၂)။

၁၂/၂ **မည်သည့်အချိန်၌ ရှင်ပြန်ထမြောက်ခြင်းရှိမည်နည်း။**

ယေရှုခရစ်တော်ဤကမ္ဘာမြေကြီးပေါ်သို့ ပြန်လည်ကြွရောက်လာသော အခါ၌ ရှင်ပြန်ထမြောက်ခြင်းလည်းရှိမည် (၁သက် ၄း၁၆၊ ယော ၅း၂၈–၂၉၊ ၁ကော ၁၅း၂၁–၂၃)။

၁၂/၃ **သေခြင်းမှထမြောက်လာသူများသည် ထာဝရအသက်ရသူများ အဖြစ်နှင့် ထမြောက်ကြမည်လား။**

ဤသို့မဟုတ်ပါ။ ပထမအနေဖြင့် တရားစီရင်ပိုင်ခွင့်ရှိသူ ယေရှု ခရစ်တော်၏ ရှေ့၌ ပကတိခန္ဓာကိုယ်ဖြင့် ရောက်ရှိလာကြမည်။ ယေရှုခရစ်တော်က မည်သူသည် ထာဝရအသက်နှင့် ထိုက်တန်သူ ဖြစ်ကြောင်းကို စီရင်ဆုံးဖြတ်ပါမည် (ရော ၁၄း၁၀၊ ၂ကော ၅း၁၀၊ ဒံ ၁၂း၂၊ ဗျာ ၂၀း၁၁–၁၅)။

၁၂/၄ **အသက်ရှင်ဘူးခဲ့သောလူသားတိုင်း ထမြောက်ခြင်းနှင့် တရား စီရင်ခြင်း အမှုကို ယေရှုခရစ်တော်ပြုပါမည်လား။**



## သတင်းကောင်း

The Gospel

၁၁/၁ **သတင်းကောင်းဆိုသည်မှာအဘယ်နည်း။**

သတင်းကောင်း (ႈသျစနူ) သည် ခေတ်ဟောင်းအင်္ဂလိပ်စကားဖြစ်ပြီး ဝမ်းမြောက်ဖွယ်စကား (သို့မဟုတ်) သတင်းကောင်းဟူ၍ အဓိပ္ပါယ် ပေါက်ပါသည်။ ထိုစကားသည် ဘုရားရှင်နိုင်ငံတော်အား ရည်ညွှန်းခြင်း ဖြစ်ပြီး ထိုနိုင်ငံတော်ထဲဝင်စားနိုင်ရန်အတွက် ယေရှုခရစ်တော် ယုံကြည်ခြင်းအားဖြင့် မည်ကဲ့သို့ ကယ်တင်ခြင်း ရရှိနိုင်ကြောင်း ဖော်ပြသောသတင်းဖြစ်ပါမည် (လု ၈း၁၊ မာ ၁း၁၄၊ မ ၄း၁၇–၂၃၊ ရော ၁း၁၆)။

၁၁/၂ **ယေရှုခရစ်တော်သည် ပထမဦးဆုံး သတင်းကောင်း ဟောကြား သူဖြစ် ပါသလား။**

မဟုတ်ပါ။ ယေရှုခရစ်တော်မမွေးဖွားခင် နှစ်ပေါင်း (၂၀၀၀) ကာလတုန်းက ရှိနှင့်ခဲ့ပါပြီ။ သက်ရှင်ထင်ရှားရှိခဲ့သူ အာဗြဟံ (ဗဘမ္ေဓ) ထံသို့ သတင်းကောင်းဟောပြောမှု (ဂလ ၃း၈)။ ထိုအချိန်ကတည်းကစပြီး ကမ္ဘာမြေကြီးပေါ်ရှိ ဘုရားရှင်နိုင်ငံတော်သို့ ဝင်စားနိုင်ရေးကို ယုံကြည်ခြင်း တရားလက်ကိုင်ထားသူများက မျှော်လင့်တောင့်တလာခဲ့ကြပါသည် (ဟေဗြဲ ၁၁း၁၃–၁၆၊ ၃၉–၄၀)။

၁၁/၃ **ဒေင်ဥယျာဉ်တော်၌ ဘုရားရှင်ပြုတော်မူခဲ့သောကတိတော်ကား အဘယ်နည်း။**

အပြစ်တရားကြောင့် သေဆုံးရမည့်အကြောင်းကို ဘုရားရှင်မှ အာဒံနှင့် ဧဝတို့အား မိန့်ကြားတော်မူခဲ့စဉ်က ပြန်လည်သင့်မြတ်ရေး နည်းလမ်းကိုပါ ကတိတော်ထားခဲ့ပါသည်။ ပုံဖေါ်ခြင်းအဖြစ် ဘုရားရှင်က မြွေဆိုးအားဖြင့် လူမိန်းမ မျိုးစေ့ဖြစ်သူ၏ ခြေဖနောင့်ကို ပွန်းပဲ့သွားအောင် ပြုလုပ်မည့် အကြောင်းနှင့် လူမိန်းမ၏ မျိုးစေ့ဖြစ်သူကမူ မြွေဆိုး၏ ဦးခေါင်းကို ပွန်းပဲ့ကြေမွသွားအောင် ပြုလုပ်မည့်အကြောင်း ဘုရားရှင်မှ မိန့်ဆိုတော်မူ ခဲ့ပါသည်။ ပွန်းပဲ့သည်ဆိုရာတွင် မြွေဆိုးသည် လူမိန်းမ၏ မျိုးစေ့ ဖြစ်သူ၏ ခြေဖနောင့်၌ သာမန်အနာဒဏ်ရာ ရရှိအောင် လုပ်ခြင်းကို ဆိုလိုပြီး

မျိုးစေ့မှ မြွေဆိုးကို ပွန်းပဲ့ဒဏ်ရာရသွားအောင် ပြုလုပ်မည်ဟု ဆိုရာ၌မူ မြွေဆိုး၏ ခေါင်းကို ပွန်းပဲ့စေခြင်းသည် မြွေဆိုးသေဆုံးစေသော ဒဏ်ရာဖြစ်ကြောင်း ဆိုလိုပါသည် (က ၃း၁၅)။ ဤစကားလုံးများ၏ အနက်အဓိပ္ပါယ်မှာ (လူမိန်းမ၏ မျိုးစေ့ဖြစ်သူ) ယေရှုခရစ်တော်သည် (မြွေဆိုး)ဖြစ်သော အပြစ်တရားအပေါ် အောင်ပွဲခံမည့်အကြောင်း အရိပ်လက္ခဏာပြစကားများဖြစ်ပါသည်။

**၁၁/၄ နောဧထံဘုရားရှင် ပြုတော်မူသောကတိတော်ကား အဘယ်နည်း။**

တကမ္ဘာလုံးရေဖုံးလွှမ်းမှုအပြီးတွင် ဘုရားရှင်မှ နောဧထံသို့ ရေကြီးရေလျှံခြင်းနည်းလမ်းအားဖြင့် ကမ္ဘာကြီးကို တစ်ဖန်ဖျက်ဆီးမည် မဟုတ်ကြောင်း ကတိတော်ပြုခဲ့ပါသည်။ ထိုအကြောင်းပါ အမှတ်လက္ခဏာအဖြစ် သက်တန့်ကြီးကို ဘုရားရှင်မှဖေါ်ပြတော်မူခဲ့၏။ ထို့ကြောင့် သက်တန့်ကိုမြင်တိုင်း ဘုရားရှင်မှ နောဧထံသို့ ပြုတော်မူခဲ့ သည့် ကတိတော်အား အမှတ်ရစေပါသည်(က ၉း၉–၁၇)။

**၁၁/၅ အာဗြဟံထံ ပြုတော်မူခဲ့သောဘုရားရှင်၏ ကတိတော်ကား အဘယ်နည်း။**

(က) သတင်းကောင်းတရားနှင့် ပတ်သက်သောသတင်းကောင်းကို အာဗြဟံ အား ဘုရားရှင်ကပေးတော်မူခဲ့သည် (ဂလ ၃း၈)။

(ခ) အာဗြဟံသည် လူမျိုးကြီးတစ်မျိုး၏ ဖခင်ဖြစ်မည့်အကြောင်း ဘုရားရှင်က မိန့်တော်မူ၏။ လူသူအပေါင်းနှင့် အုပ်ချုပ်သူ ရှင်ဘုရင်များ၏ ဖခင်ကြီးဖြစ်မည့်အကြောင်း ကတိတော်ပြုခဲ့သည့်အပြင် အာဗြဟံသည် ကောင်းကြီးမင်္ဂလာ၏ အရင်းအမြစ်ဖြစ်မည့် အကြောင်းလည်း ကတိတော်ပြုခဲ့ပါသည် (က ၁၂း၂၊ ၁၃း၁၆–၁၇း၄ –၆)။

(ဂ) အာဗြဟံနှင့်သူ၏ မျိုးစေ့၌ လူမျိုးပေါင်းစုံကောင်းကြီးမင်္ဂလာ ခံစားကြရမည့် အကြောင်း ကတိတော်ရှိခဲ့ပါသည် (က ၁၂း၃၊ ၂၂း၁၇–၁၈)။

(ဃ) အာဗြဟံသည် ခါနာန်ပြည်၌ ထာဝရနေထိုင်စိုးစံမည့်အကြောင်း ဘုရားရှင်မှ အာဗြဟံသို့ ပဋိညာဉ်ပြုတော် မူခဲ့သည်။ ထိုအကြောင်းအရာ သည် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းအားဖြင့်သာဖြစ်ပါလိမ့်မည် (က ၁၃း၁၄–၁၇၊ ၁၅း၇၊ ၁၇း၈၊ ၂၂း၅–၁၈၊ တ ၇း၅၊ မာ ၁၂း၂၆–၂၇၊ ဟေဗြဲ ၁၁း၈–၉၊ ၃၉–၄၀)။

(င) အာဗြဟံ၏ မျိုးစေ့ဖြစ်သူ (ယေရှုခရစ်တော်) သည် ခါနာန်ပြည်အား



အမွေဆက်ခံရမည်ဟု ကတိတော်ပြုခဲ့ပြီး သူ၏ ရန်သူပေါင်းစုံ အားလုံးအပေါ် အောင်ပွဲခံရမည့်အကြောင်းကိုပါ ကတိတော်ပြုခဲ့ပါသည် (က ၁၂း၇၊ ၂၂း၁၇၊ ဂလ ၃း၈၊ ၁၆၊ ၂၉)။

**၁၁/၆ ထိုကဲ့သို့သော ကတိတော်ကို အာဗြဟံတစ်ဦးတည်းကသာ ရရှိခံစား ရပါမည်လား။**

မဟုတ်ပါ။ အာဗြဟံသာမက ဣဇာက်နှင့် ယာကုပ် (အစ္စရေးလ် – နာမည်သို့ ဘုရားရှင်က ပြောင်းလဲမှည့်ခေါ်တော်မူသောသူ) များ ပါဝင်ကြပြီး ယာကုပ်အားဖြင့် ဆင်းသက်လာခဲ့ကြသော အစ္စရေးလ် လူမျိုးနွယ်စု (၁၂) မျိုးအတွက်ပါ ဤကတိတော်အကျုံးဝင် သက်ဆိုင် သွားပါသည် (က ၂၆း၂–၄၊ ၂၈း၃–၄ နှင့် ၁၃း၁၅၊ ၃၂း၂၇–၂၉)။

**၁၁/၇ ဒါဝိဒ်မင်းကြီးထံ ဘုရားရှင်၏ ကတိတော်ကား အဘယ်နည်း။**

(က) သူ့ခမည်းတော်သည် ထာဝရဘုရားဖြစ်သော သာမန်လူသားထက် ထူးခြားသောမျိုးနွယ်ဆက်တစ်ဦးကို ပေးမည်ဟု ဒါဝိဒ်မင်းကြီးထံ ဘုရားရှင်ကတိတော်ပြုခဲ့ပါသည် (၅ရာ ၁၇း၁၁–၁၂)။

(ခ) ထို့ပြင် ဘုရားရှင်မှ ဒါဝိဒ်မင်းကြီးထံ ပြုတော်မူသော ပဋိညာဉ်ကို ယေရှုခရစ်တော်ဟူသော မျိုးနွယ်ဆက်၌ အတည်ပြုခြင်းရှိမည် အကြောင်း ကတိတော်ပြုခဲ့ပါသေးသည် (တ ၂း၃၀)။ ထိုသူသည် ဒါဝိဒ်မင်းကြီး၏ ပလ္လင်တော်မှာထိုင်ပြီး ထာဝရကာလအုပ်ချုပ်သူ ဖြစ်ရမည် (၂ရာ ၇း၁၂–၁၇၊ ဆာ ၈၉း၂၈ နှင့် ၃၄–၃၆၊ ၁၃၂း၁၁)။

(ဂ) ဒါဝိဒ်မင်းကြီး၏အိမ်တော်သည် အစ္စရေးလ်အမျိုးသားထဲ၌ သစ္စာရှိသူ ဖြစ်စေတော်မူမည် (ဟေရှာ ၆၆း၁–၂)။ ထို့ပြင် တပါးအမျိုးသား ရှေ့မှာလည်း သစ္စာရှိသူ ဖြစ်စေတော်မူမည်ဟူသောအကြောင်းအရာ များသည် ယေရှုခရစ်တော်၌ ဖြစ်စေတော်မူ၏ (၁ပေ ၂း၄–၁၀)။

ဘုရားရှင်ပြုတော်မူသော ကတိတော်အပေါ် ဒါဝိဒ်မင်းကြီးက ယုံကြည်ပြီး အတည်ပြုပုံကို သူ၏ နောက်ဆုံးစကား၌ ပေါ်လွင် ပါသည် (၂ရာ ၂၃း၃–၅)။

တော်အား “သန့်ရှင်းမြင့်မြတ်ခြင်း” ဟုခေါ်ဝေါ်ခြင်းပြုကြပါသည် (လု ၁း၃၅၊ ၂၄း၄၉၊ တ ၁း၈၊ က ၁း၂၊ ယောဘ ၃၃း၄၊ ဆာ ၁၀၄း၃၀၊ ယေ ၃၂း၁၇၊ ၂ပေ ၁း၂၁၊ ဆာ ၁၃၉း၁–၃၄၊ ရော ၅း၅၊ ၈း၁၁၊ ဗျာ ၃း၂၀)။

၁၃/၂ **ဝိညာဉ်တော်၏ဆုကျေးဇူးဆိုသည်မှာအဘယ်နည်း။**

ဝိညာဉ်တော်၏ဆုကျေးဇူးများဆိုသည်မှာ တမန်တော်တို့ ခေတ်တုန်းက ရရှိသော ဘုရားရှင်၏ အထူးတန်ခိုးတော်ဖြစ်ပြီး အချို့သော ယုံကြည်သူတို့ကို ပေးအပ်တော်မူသောအရာဖြစ်ပါသည်။ ဤထူးခြားသော ဆုကျေးဇူး၏ လုပ်ဆောင်ခြင်းအားဖြင့် ရွေးချယ်ထားသော ယုံကြည်သူ သားသမီးများသည် ထာဝရဘုရား၏ နှုတ်ကပတ်တရားတော်အား ဟောကြားသောအခွင့်ရေးသားမှတ်တမ်းတင်သောအခွင့်ကို ရရှိခဲ့ကြ သည့်အပြင် အံ့ဖွယ်အမှုပြုလုပ်ခြင်းပါရရှိခဲ့ကြပါသည်။ ဝိညာဉ်တော် ဆုကျေးဇူး ဆိုရာ၌ တမန်တော်ဖြစ်ခြင်း၊ ပရောဖက်ပြုခြင်း၊ ရောဂါကင်းငြိမ်းစေခြင်းနှင့် အခြားဘာသာစကား ပြောဆိုခြင်းလည်း ပါဝင်ကုန်၏ (အခြားဘာသာစကားကို သင်ကြားလေ့လာမှု မရှိခဲ့သော်လည်း ပြောဆိုနိုင်ခဲ့ကြပါသည်)။ ထိုသို့သော ဝိညာဉ်တော် ဆုကျေးဇူးတော်သည် အသင်းတော်တည်ထောင်ခြင်း သာသနာတော် ပြန့်ပွားခြင်း၌ များစွာအထောက်အကူပြုခဲ့ပါသည်။ ဤနည်းလမ်း (၂) သွယ်အားဖြင့် သတင်းကောင်းတရားတော်မြတ်ကိုလည်း ကျယ်ပြန့်စွာ ဖြန့်ဝေဟောကြားနိုင်ခြင်းဖြစ်ပါသည်။ ပထမဆုံးအနေဖြင့် ကနဦး ယုံကြည်သူတို့သည် ခရစ်ယာန်တရား ဟောဆရာများပီပီ သတင်းကောင်းတရားတော်ကို မကြောက်မရွံ့ ရဲရင့်ပြတ်သားစွာ ဟောပြောနိုင်သော တန်ခိုးသတ္တိနှင့် ပြည့်စုံကြပြီး လူမျိုးဘာသာ စကားများစွာဖြင့်လည်း ဖြန့်ဝေဟောကြားနိုင်ခဲ့ကြပါသည်။ ဒုတိယ အားဖြင့် သူတို့ ဟောကြားခဲ့သော တရားတော်သည် အစစ်အမှန် ဖြစ်ကြောင်း သက်သေသာဓကအဖြစ် အံ့ဖွယ်အမှုများပါ ဖော်ပြပြုလုပ် နိုင်ခဲ့ကြပါသည်။ ထိုဆုကျေးဇူးကပင် ဓမ္မသစ်ကျမ်းကိုပါ ရေးသား ထွက်ပေါ်စေခဲ့ပါသည်။ ဓမ္မသစ်ကျမ်းသာ မရှိပါက ဟိုစဉ်တုန်းက ယေရှုခရစ်တော်နှင့် သူ့တပည့်တမန်တော်တို့၏ ဟောပြော စွမ်းဆောင်ချက်များကို နောက်ကာလလူသားများကို တစ်ဆင့်တစ်ဖန်



မပြုပါ။ ကယ်တင်ခြင်းသတင်းကောင်းပါ သစ္စာအမှန်တရားကို လိုက်စားပြီး ယေရှုခရစ်တော်အား နာခံသူများကိုသာ ထမြောက်ခြင်းနှင့် တရား စီရင်ခြင်း ပြုတော်မူမည် (ဒံ ၁၂း၂၊ ရော ၂း၁၂)။

၁၂/၅ **သေခြင်းမှ ထမြောက်ခြင်းမရှိသူအပေါ် မည်သို့ဖြစ်သွားမည်နည်း။**

သင်္ချိုင်းထဲ၌သာလျှင် ထာဝရကျန်ရစ်ကြပြီး၊ ပြန်လည်ထမြောက်ခြင်း လည်း မရှိတော့ပါ (ဆာ ၄၉း၂၀၊ သု ၂၁း၁၆၊ ဟေရှာ ၂၆း၁၄၊ ၄၃း၁၇)။

၁၂/၆ **ယေရှုခရစ်တော်ပြန်ကြွလာချိန်၌ အသက်ရှင်သူများမည်သို့ ဖြစ်ကြမည်နည်း။**

တရားစီရင်ခြင်းရင်ဆိုင်ရန်အတွက် ကောင်းကင်တမန်တို့က ခရစ်တော်နှင့် တွေ့ဆုံရန် စုစည်းမှုပြုကြမည်။ သူတို့သည်လည်း သေခြင်းမှ ထမြောက်သူများပုံစံဖြစ်ကြမည်။ ပြီးမှ တရားစီရင်ခြင်းရှိမည် (၁သက် ၄း၁၆–၁၇၊ မ ၂၅း၃၁–၃၂)။

၁၂/၇ **တရားစီရင်ခြင်း၌ ကိုယ်တော်၏လက်ခံခြင်းခံသူများ မည်သို့ ဖြစ်ကြမည်နည်း။**

ယေရှုခရစ်တော်၏နိုင်ငံတော်ဖြစ်သော ဤမြေကြီးပေါ်၌ပင် ထာဝရ အသက်ပေးအပ်ခြင်းကို စတင်ခံစားကြလိမ့်မည် (ဒံ ၁၂း၂–၃၊ မ ၂၅း၂၁–၃၄၊ ဒံ ၇း၂၈။ ဗျာ ၅း၁၀၊ ၁ကော ၁၅း၅၁–၅၄)။

၁၂/၈ **သစ္စာရှိသော ခရစ်ယာန်များကောင်းကင်ဘုံသို့သွားရမည်ဆိုသော ကတိပြုချက်ကျမ်းစာထဲမှာရှိပါသလား။**

မရှိပါ။ လေ့လာခဲ့ပြီးသည့်အတိုင်း သစ္စာရှိသော ယေရှုခရစ်တော်၏ နောက်လိုက်တပည့်တော်တို့သည် မြေကြီးပေါ်၌သာ ထာဝရစိုးစံ သွားရမည်ဟူ၍ ဖြစ်ပါ၏။ သမ္မာကျမ်းစာကလည်း ယေရှုခရစ်တော် မှအပ မည်သည့်လူသားမျှ ကောင်းကင်ဘုံသို့ ရောက်ရှိဘူးခြင်း မရှိကြောင်းဖော်ပြပါသည် (ဆာ ၁၁၅း၁၆၊ တ ၂း၃၄)။

မှတ်ချက်။ အချို့ကျမ်းပိုဒ်များကို ကောင်းကင်ဘုံသည် သစ္စာရှိသော ယေရှုခရစ်တော်၏ တပည့်များ၏ ပျော်ရွှင်ဖွယ်ရာအရပ် ဖြစ်ကြောင်းဖြင့် အချို့ခရစ်ယာန်ဘာသာဝင်များက ထင်မြင်ယူဆ ကြပါသည်။ ဤသို့မဟုတ်ပါ။ သေချာစွာ ဖတ်ရှု လေ့လာသော အခါ၊

အောက်ပါကျမ်းချက်များသည် အခြားကျမ်းချက်ပါ အချက်အလက်များနှင့် ကိုက်ညီကြောင်း တွေ့မြင်ရသည်။ ဥပမာ– "ငါ့အဘ၏ အိမ်တော်" (ယော ၁၄း၂) ဆိုသော နေရာသည် ကောင်းကင်၌ မဟုတ်ဘဲ ဤမြေကြီးပေါ်ရှိ ထာဝရဘုရား၏ အိမ်တော်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ သစ္စာရှိသော ယုံကြည်သူ (ခရစ်ယာန်) များသည် ထိုအိမ်တော်ကြီး တည်ဆောက်ရာတွင် အသက်ရှင်သန် လှုပ်ရှားနေသော ကျောက်များသာဖြစ်ကြပါသည် (၁ပေ ၂း၅)။ ဘုရားရှင်၏ အိမ်တော်သည် မြေကြီးကမ္ဘာပေါ်၌ ရှိသောကြောင့်သာ ယေရှုခရစ်တော်က "ငါတစ်ဖန် ပြန်လာပြီး သင်တို့အား ငါနှင့်အတူတကွ နေထိုင်ရန် ခေါ်ဆောင်သွားမည်" ဟု မိန့်ဆိုခဲ့ခြင်းဖြစ်ပါသည် (ယော ၁၄း၃)။

၁၂/၉ **ကိုယ်တော်၏ ငြင်းပယ်ခြင်းခံရသောသူများ မည်သို့ဖြစ်ကုန်ကြ မည်နည်း။**

သူတို့သည် ယေရှုခရစ်တော်၏ ရှုတ်ချပစ်ပယ်သောအသံကို ကြားပြီး နောက် ဖြောင့်မတ်သောသူတို့သည် ယေရှုခရစ်တော်၏ နိုင်ငံတော် ထဲသို့ ဝင်စားသည်ကို မြင်တွေ့ရမည်။ သူတို့မှာ အပြင်သို့နှင်ထုတ်ခြင်း ခံရပြီး ထာဝရ သေဆုံးခြင်းနှင့်သာ ကြုံရမည် (လု ၁၃း၂၈၊ မ ၂၂း၁၃၊ ၂၅း၄၆၊ ဆာ ၁၄၅း၂၀၊ ဒံ ၁၂း၂)။

၁၂/၁၀ **ယေရှုခရစ်တော်က ပစ်ပယ်သော သူများသည် မီးလောင်ကန် ထဲသို့ ချပစ်ခြင်းခံရမည်ဟု အချို့သောကျမ်းချက်များက အဘယ်ကြောင့်ဆို သနည်း။**

ဗျာ ၂၀း၁၄ က မီးလောင်ကန်ကြီးသည် ဒုတိယသေဆုံးခြင်းနှင့် တူကြောင်း ဖော်ပြပါသည်။ မီးသည် အမှိုက်ပုံကြီးရှင်းပစ်ရန် လူတွေက သုံးကြသည်။ ကျမ်းစာထဲ၌မူ ဘုရားရှင်က ပုံဥပမာတော်အဖြစ် မိန့်ဆိုရာ မထိုက်တန်သောသူများသည် အပြီးအပိုင် ရှင်းပစ်ခြင်း ခံရမည့်အကြောင်း ဆိုလိုခြင်းဖြစ်ပါသည် (ဆာ ၃၇း၂၀၊ ဖ၈း၂၊ မ ၃း၁၁–၁၂၊ ၂သက် ၁း၇–၉)။

၁၂/၁၁ **"ဒုတိယသေခြင်း" ဆိုသော စကား၏ ဆိုလိုရင်းကား အဘယ်နည်း။**

ယေရှုခရစ်တော်ပြန်ကြွလာသောအခါ သာမန်လူသားများ ဆက်လက် တည်ရှိ အသက်ရှင်သူများရှိကြပြီး (သဘာဝအလျောက်) ခန္ဓာကိုယ် သေဆုံးခြင်းရှိလိမ့်မည်။ ထိုသို့သောသူများကို တရားစီရင်ရန်အတွက်



ပြန်လည်ထမြောက်စေခြင်းရှိလိမ့်မည်။ ထိုသူတို့အနက် ယေရှုခရစ်တော် အား လက်ခံယုံကြည်သူများသည် ထာဝရအသက်ရရှိပြီး ဘုရားရှင်၏ နိုင်ငံသို့ဝင်စားခွင့်ရှိကြလိမ့်မည်။ မယုံကြည်သောသူများကိုမူ ဒုတိယ သေခြင်းဖြစ်သော သေဒဏ်ချမှတ်ခြင်းခံရလိမ့်မည် (ဗျာ ၂း၁၁၊ ၂၀း၁၄)။

## အခန်း ၁၃
## သန့်ရှင်းသောဝိညာဉ်တော်
## The Holy Spirit

၁၃/၁ **သန့်ရှင်းသောဝိညာဉ်တော်ဆိုသည်မှာ အဘယ်နည်း။**

သန့်ရှင်းသောဝိညာဉ်တော်အား တစ်ချို့ကျမ်းစာ (အင်္ဂလိပ်ကျမ်းစာ) ထဲ၌ သန့်ရှင်းသောတစ္ဆေ(သို့မဟုတ်) ဘုရားရှင်၏ ဝိညာဉ်တော် စသည်ဖြင့် ရေးသားဖော်ပြမှုရှိသော်ငြားလည်း အနက်အဓိပ္ပါယ်မှာ ထာဝရဘုရား၏ တန်ခိုးစွမ်းအားအကြောင်း ဖော်ပြပြောဆိုခြင်းသာ ဖြစ်ပါသည်။ ထာဝရဘုရားသည် သူ့ဝိညာဉ်တော်အားဖြင့် သတ္တလောကကြီးကို ဖန်းဆင်းတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့်ပင် ယေရှုခရစ်တော်ကိုလည်း လူသားအဖြစ် မွေးဖွားခြင်းကိုပြုတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့်ပင် ဘုရားရှင်က သူ၏ပရောဖက်များ တမန်တော်များကို သမ္မာကျမ်းတော်ကြီးအား ရေးသားမှတ်တမ်းတင်ခိုင်း တော်မူပြန်၏။ ထိုဝိညာဉ်တော်အားဖြင့်ပင် ဘုရားရှင်သည် နေရာတကာ၌ရှိနေတော်မူပြီး ကျွန်ုပ်တို့၏ စိတ်ထဲရှိ ထင်မြင်မှုနှင့် ပါးစပ်မှ ပြောဆိုခြင်းများပါမကျန်အကုန်သိရှိတော်မူ၏။ သူ့ကိုယုံကြည် အပ်နှံသူများ အပေါ်မှာလည်း ထိုဝိညာဉ်တော်အားဖြင့်သာ အတူတကွတည်ရှိတော်မူ၏။ ယေရှုခရစ်တော်ပြန်ကြွလာသော အခါ၌လည်း ထိုဝိညာဉ်တော်အားဖြင့် ဘုရားရှင်က သေဆုံးသူများကို ရှင်ပြန်ထမြောက်စေလိမ့်မည်။ ထိုဝိညာဉ်တော်ကိုပင် လူသားများ ကယ်တင်ခြင်းအမှုတော်ကို ထာဝရဘုရားရှင်မှ အကောင်အထည် ဖော်ပြီးမြောက်စေခြင်းကို အကြောင်းပြု၍ ထာဝရဘုရား၏ဝိညာဉ်တန်ခိုး

အခြား သတ္တဝါများထက် ပါးနပ်သည်။ စာတန်သည် မုသာစကားကို သုံးကာ “သင်သေဆုံးမည်မဟုတ်”ဟု ဧဝအားဖြားယောင်း သွေးဆောင်ခဲ့သည်။ အကြောင်းမှာ အကောင်းနှင့်အဆိုးသိရှိ နိုင်သော အပင်မှ အသီးကို စားလျှင် သင်၏မျက်စိပွင့်လာပြီး သင်သည် ထာဝရဘုရားကဲ့သို့ အကောင်းနှင့် အဆိုးကို သိရှိသူဖြစ်သွားမည်ကို ဘုရားရှင် သိတော်မူ သောကြောင့် ဖြစ်သည်ဟူသော မုသာစကားကို စာတန်က အသုံးပြုကာ ဧဝကို လှည့်ဖြားခဲ့သည်။

ဧဝပြီးမှ အာဒံကပါ တားမြစ်တော်မူသောအသီးကို စား၏။ မြွေဆိုး၏ ဆိုးယုတ်သော အကြံပြုချက်ကို တစ်ကြိမ်တစ်ခါလက်ခံလိုက်နာမိခဲ့ခြင်း ကြောင့် ထိုအချိန်ကတည်းကစပြီး ကျွန်ုပ်တို့လူ့သဘာဝအပေါ် မကောင်းမှုသည်လည်း အမြစ်တွယ်ကာပါလာခဲ့၏။ မကောင်းမှု၏ စွမ်းအားကို “စာတန်” ဟူ၍ ဓမ္မဟောင်းကျမ်း၌၄င်း၊ နတ်ဆိုး ဟူ၍ ဓမ္မသစ်ကျမ်းထဲ၌၄င်း သုံးနှုန်းလျက်ရှိပါသည်။ စာတန်သည် ရန်သူဖြစ်ခြင်းကို ဆိုလိုပြီး နတ်ဆိုးသည် စွပ်စွဲတတ်သူဟူ၍ဆိုလို၏။ ဤသို့ဖြင့် မြွေဆိုးကြီးကို “ရှေးဟောင်းမြွေဆိုးကြီး” ဟူ၍၄င်း “စာတန်မာရ်နတ်ကြီး” ဟူ၍၄င်း “နတ်ဆိုးကြီး” ဟူ၍၄င်း ခေါ်စမှတ်ပြု လာခဲ့ကြပါသည်။ သူသည် လူသားမျိုးနွယ်အားလုံးအပေါ် မကောင်းမှု၏ စွမ်းအားဖြင့် အလုပ်လုပ်လာခဲ့သည်။ ထို့ကြောင့် မကောင်းမှုကို ပြုလုပ်ရန် စေခိုင်းတတ်သော လူသားမျိုးနွယ်တစ်ရပ်လုံးအား လိမ်လည်လှည့်ဖျား လာခဲ့သူ နတ်ဆိုးကြီးကို ဒုတိယသေခြင်းဖြစ်သော မီးအိုင်ထဲသို့ ပစ်ချသောအခါ၌သာ အပြစ်ဒုစရိုက်လည်း ကွယ်ပျောက် သွားလိမ့်မည် ဖြစ်သတည်း (က ၃း၁–၇၊ ယောဘ ၁း၆၊ ရော ၅း၁၂–၁၄၊ ယော ၈း၄၄၊ ဗျာ ၂၀း၂ နှင့် ၁၀)။ မီးအိုင်ဆိုသည်မှာ အမှန်တကယ်တည်ရှိသော အရာမဟုတ်ပါ။ လူ့သဘာဝနှင့် ပတ်သက်၍ စာတန်နှင့် နတ်ဆိုးသည်လည်း ပုံဥပမာအဖြစ် ပြောဆိုခြင်းဖြစ်သကဲ့သို့ မီးအိုင်ဆိုသော စကားသည်လည်း ဖျက်ဆီးခြင်းကိုဆိုလို၏ (၁၅/၆ ကို ကြည့်ပါ)။

၁၅/၃ **အဘယ်ကြောင့် အပြစ်ဒုစရိုက် ကျူးလွန်ရသနည်း။**



အတည်ပြုဟောကြားဖြန့်ဝေရန်နိုင်မည် မဟုတ်ပေ။ ဓမ္မဟောင်းကျမ်းပါ ခေတ်အဆက်ဆက် များမှာလည်း မောရှေ၊ ဧလိယနှင့် ဧလိရှဲ စသည်တို့အပြင် အခြားသော ပရောဖက်များကလည်း အဆိုပါ ဝိညာဉ်တော်ကျေးဇူး တန်ခိုးကြီးကို ခံစားရရှိခဲ့ကြပါသည်။ သို့သော် ဤမည်သော ဝိညာဉ်ဆုကျေးဇူးတော်အား ပြန်လည်နှုတ်ယူခြင်း ရှိမည်အကြောင်း ရှင်ပေါလုက ကြိုတင် ဟောကြားခဲ့ပြီးဖြစ်သည်။ ခရစ်ယာန်ဘာသာရေးသင်းထောက်(အဖွဲ့ကြီး) တည်ရှိပေါ်ပေါက်လာပြီး ဓမ္မသစ်ကျမ်းတော်ပါ ရေးသားပြုစု ထုတ်ဝေခဲ့ပြီးသည့် အချိန်ကာလ ရောက်သောအခါ ဤကဲ့သို့ဝိညာဉ် ဆုကျေးဇူးတော် ပြန်သိမ်းယူခြင်း လည်းရှိခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ခေတ် ယုံကြည်သူများက ဤထူးခြားသော ဆုကျေးဇူးမရရှိကြခြင်း ဖြစ်ရသည်။ သို့သော် ယေရှုခရစ်တော် ဤကမ္ဘာမြေကြီးပေါ် တစ်ဖန်ပြန်ကြွလာချိန်၌မူ ထာဝရဘုရားအမှုတော်ဆောင်များကတစ်ဖန် ဤဆုကျေးဇူးကို ခံစားကြပါလိမ့်မည် (တ ၂း၁–၁၇၊ ၁ကော ၁၂း၇–၁၁၊ ရော ၁၅း၁၈–၁၉၊ ဆာ ၁၀၅း၂၆–၂၇၊ ယောလ ၂း၂၈–၂၉၊ ၄ရာ ၂း၉–၁၀၊ ၁ကော ၁၃း၈–၁၁၊ ဟေဗြဲ ၆း၄၅၊ ၁ကော ၁၃း၈–၁၁)။

၁၃/၃ **ဤသို့ဆိုသော် ယနေ့ကာလရှိ အံ့ဖွယ်ပြုလုပ်သူနှင့် ဘာသာစကား ပြောတတ်သူဖြစ်ကြောင်းဖြင့် မိမိကိုယ်ကို မိမိ ပြောဆိုသူများအား မည်သို့မှတ်ယူရမည်နည်း။**

သူတို့သည် ထာဝရဘုရား၏ ဝိညာဉ်တော်အားဖြင့် အမှုတော်ဆောင်သူ မဟုတ်။ အတုအယောင် အမှုတော်ဆောင် ဆရာများသာဖြစ်ကြသည်။ သူတို့သည် သူတို့ကို သူတို့လိမ်ညာသည့်အပြင် အခြားသူများ ကိုလည်း တမင်တကာ ကြံဖန်လိမ်ညာခြင်းပြုတတ်ကြ၏။ မောရှေ ခေတ်နှင့် ယေရှုခရစ်တော်နှင့် တမန်တော်တို့၏ ခေတ်များတုန်းက ရှိခဲ့ကြဘူးသော ပရောဖက်အတုအယောင် အောက်လမ်း မျက်လှည့် ဆရာများ ပုံစံဖြစ်နေကြသည် (ထွက် ၇း၁၁–၂၂၊ လု ၁၁း၁၉။ တ ၈း၉–၁၁။ မ ၂၄း၂၄)။

ထို့ကြောင့် ရှင်ယောဟန်က ဝိညာဉ်များသည် ထာဝရဘုရားနှင့်

သက်ဆိုင်ကြသူလား၊ မသက်ဆိုင်သူလားဟု သေချာစမ်းသပ်စီစစ်ခွဲခြားရန် ဖေါ်ပြခဲ့ခြင်းဖြစ်ပါသည် (၁ယော ၄း၁)။

၁၃/၄ **ထာဝရဘုရား၏ ဝိညာဉ်တော်သည် ယနေ့ လှုပ်ရှားရှင်သန်နေပါ သလား။**

လူသားများကယ်တင်ရသောအမှုတော်အတွက်ဆိုလျှင် ဘုရားရှင်၏ ဝိညာဉ်တော် (သို့မဟုတ်) တန်ခိုးစွမ်းအားတော်သည် အမြဲတန်း ရှင်သန်လှုပ်ရှားလျက်ရှိပါသည်။ ဝိညာဉ်တော်နှင့်အသက်ဖြစ်သော ကျမ်းစာပါ ဘုရားရှင်၏ နှုတ်ကပတ်တရားတော်ထဲ၌ အံ့ဩဖွယ် လုပ်ဆောင်လှုပ်ရှားနေပါသည် (ယော ၆း၆၃)။ ဘုရားရှင်၏ တရားတော်မြတ်သည် ယုံကြည်သူစိတ်နှလုံးထဲ၌ စိုက်ဝင်သောအခါ ထိုတရားတော်သည် မဖျက်ဆီးနိုင်သောမျိုးစေ့အဖြစ် ထာဝရ အသက်သို့ပေါက်ဖွါး ရှင်သန်သွားပါသည် (ယော ၃း၅–၈၊ ၄း၁၃–၁၄၊ ၁ပေ ၁း၂၃–၂၅၊၂း၁–၃)။ ဤနည်းလမ်းဖြင့် ယုံကြည်သူများသည် ဝိညာဉ်ဖြင့် အသက်ရှင်သော အသက်တာသို့ ဝင်စားကြပြီ၊ ယေရှုခရစ်တော်အားဖြင့် ထာဝရဘုရားထံဆုတောင်းခြင်းဖြင့် ဘုရားရှင် ထံတော်သို့ ရောက်ရှိနိုင်ပါသည်။ ထိုအခါ နေ့စဉ် အသက်ရှင်ခြင်း ဆိုင်ရာ ခွန်အားအင်အားရရှိလာကြပြီး ထာဝရဘုရား၏ ပညတ် တရားတော်များကို လိုက်နာကျင့်သုံးသူများဖြစ်လာကြ၏ (ဟေဗြဲ ၂း၁၈ နှင့် ၄း၁၅–၁၆ ကိုရော ၈း၂၆–၂၈ နှင့် ယှဉ်တွဲဖတ်ရှုလေ့လာပါ)။

ထာဝရဘုရားသည်လည်း ယုံကြည်သူများကို မည်သည့်အချိန်အခါ၌ မဆို စွန့်ပစ်ထားခဲ့ခြင်းမရှိတော့ပါ (ဟေဗြဲ ၁၃း၅–၆)။

## အခန်း ၁၄

## ကောင်းကင်တမန်တော်များအကြောင်း

Angels

၁၄/၁ **ကောင်းကင်တမန်များသည် မည်သူများနည်း။**

ကောင်းကင်တမန်တို့သည် ဘုရားရှင်၏ ပညတ်တရားတော် လိုက်နာကျင့်သုံးသောထာဝရရှင်သည့် ဘုရားရှင်၏ သံတော်ဆက်များ ဖြစ်ကြပါသည်။



အာဗြဟံ ဣဇာက်နှင့်ယာကုပ်တို့ကို ကောင်းကင်တမန် တော်များက ကာကွယ်စောင့်ရှောက်ခဲ့ကြပါသည်။ လောတကိုလည်း သောဒုံမြို့ပေါ်သို့ ထာဝရဘုရား၏ တရားစီရင်ခြင်းကျရောက်မည်ကို သတိပေးကြပါသည်။ ကောင်းကင်တမန်တော်တစ်ပါးသည် မောရှေထံ ဘုရားရှင်၏ပညတ်တော်များကို ပေးအပ်ခဲ့သည်။ ကောင်းကင်တမန်များ ကပင် သိုးထိန်းတို့ထံ ယေရှုခရစ်တော်ဖွားမြင်ပြီးကြောင်း အသိပေးခဲ့ကြပါသည်။ မမြင်ရသော ကောင်းကင်တမန်များသည် ယခုအခါ ဘုရားအမှုတော်ဆောင်များကို ကြည့်ရှုစောင့်ရှောက်နေကြ၏။ ကောင်းကင်တမန်တို့သည် ယေရှုခရစ်တော်ပြန်ကြွလာပြီး ဤလောကကို တရားစီရင်ရသောအခါ ပါဝင်ကူညီကြလိမ့်မည် (ဟေဗြဲ ၁း၁၄၊ ဆာ ၁၀၃း၂၀၊ တ ၇း၃၈၊ ဆာ ၃၄း၇၊ က ၁၉း၁။ လု ၂း၉၊ မ ၁၈း၁၀၊ ၂၄း၃၁၊ လု ၂၂း၄၃ နှင့် ၂သက် ၁း၆–၁၀)။

## အခန်း ၁၅

## အပြစ်ဒုစရိုက်၊ ဆိုးယုတ်ခြင်း၊ စာတန်မာရ်နတ်နှင့် နတ်ဆိုးကြီး

Sin, Evil, Satan and the Devil

၁၅/၁ **“အပြစ်ဒုစရိုက်” ဆိုသည်မှာ အဘယ်နည်း။**

ထာဝရဘုရားရှင်၏ ပညတ်တော်တရားနာခံကျင့်သုံးမှု မရှိခြင်းသည် အပြစ်ဒုစရိုက်ဖြစ်သည် (၁ယော ၃း၄)။

၁၅/၂ **အပြစ်တရားနှင့် မကောင်းမှုသည် မည်သည့်အချိန်တွင် ဤလောကသို့ ဝင်ရောက်ခဲ့သနည်း။**

ဖယ်ရှားပပျောက်သွားအောင် လုပ်၍မရဘူးလား။ ကျွန်ုပ်တို့လူသားများ၏ ပထမဆုံးသော မိဘများက ဒေင်ဥယျာဉ်တော်ထဲ၌ ထာဝရဘုရားကိုနာခံမှု မရှိသည့်အချိန်မှစ၍ မကောင်းမှုသည်လည်း ဤလောကသို့ ဝင်ရောက်ခဲ့ပါသည်။ မြွေကြီးသည် ဘုရားရှင် ဖန်ဆင်းထားတော်မူသော

## နတ်ဆိုးများနှင့် မသန့်ရှင်းသောဝိညာဉ်များ
Devils and Unclean Spirit

**၁၆/၁ နတ်ဆိုးများနှင့် မသန့်ရှင်းသောဝိညာဉ်များဆိုသည်မှာ အဘယ်နည်း။**

သမ္မာကျမ်းစာထဲ၌ ရောဂါရခြင်း (အထူးသဖြင့်စိတ်ရောဂါ) ကို နတ်ဆိုး နတ်များ (သို့မဟုတ်) ပြုစားတတ်သူများ (သို့မဟုတ်) မသန့်ရှင်းသော ဝိညာဉ်များဟုပါရှိပါသည်။ ထိုရောဂါ (မသန့်ရှင်သောဝိညာဉ်ရောဂါ) ပျောက်ဆုံးသောအခါ မသန့်ရှင်းသော ဝိညာဉ်ကို မောင်းထုတ်ပစ် လိုက်ပြီဟု ဆိုကြ၏။ ထို့ပြင် တစ်ခါတစ်ရံ၌ မသန့်ရှင်းသော ဝိညာဉ်ကိုပင် ယုတ်မာကောက်ကျစ်ခြင်းဟု ခေါ်ဆိုကြသေး၏ (၁ရာ ၁၆း၁၄၊ မ ၈း၁၆–၁၇၊ ၁၂း၂၂)။ နတ်ဆိုးများဟူသော စကားကို ပြုစားတတ်သူများဟု ဗဒ္ဓ ကျမ်း၏ ပြန်ဆိုမှုသည်ပို၍ သင့်လျော် ပါသည်။

**၁၆/၂ မယုံကြည်သူများက ဝိညာဉ်ဆိုးများသည် မမြင်နိုင်သော သက်ရှိ အရာများ ဖြစ်ကြောင်းဖြင့် ယုံကြည်ကြ၏။ ခရစ်ယာန်တစ်ပါး အနေဖြင့် ဤသို့ယုံကြည်သင့်သလား။**

ကျမ်းစာအရ ထာဝရဘုရားသည် သူ၏ စကြဝဠာတစ်ပြင်လုံးအတွက် အရှင်သခင်ဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားယေရှုခရစ်တော်နှင့် ဘုရားရှင်၏ ကောင်းကင်တမန်တော်များမှအပ အသက်ရှင်သော ဝိညာဉ်ဟူ၍ မရှိပါ။ ကောင်းကင်တမန်တို့သည် ဘုရားရှင်၏ အလိုတော် အတိုင်း လုပ်ဆောင်သူများဖြစ်ကြ၍ သေခြင်းလည်းမရှိ အပြစ်လုပ်ခြင်း လည်း မရှိသူများဖြစ်ကြသည်။ ဆွေးနွေးလာခဲ့ပြီးသည့်အတိုင်း ကျမ်းစာပါ စာတန်နတ်ဆိုးနှင့် ဝိညာဉ်ဆိုးများဟူသော စကားလုံးများ သည် ပုံဥပမာ အဖြစ်တင်စားရေးသားခြင်းသာဖြစ်ပါသည်။ ထိုစကားလုံးများသည် လူ့သဘာဝပါ အပြစ်တရားနှင့်ရောဂါအကြောင်း ကို ဥပမာပေးခြင်း အတွက် ရေးသားခြင်းဖြစ်ပြီး အပြစ်၏ အကျိုးဆက် ရောဂါရခြင်း ဖြစ်ကြောင်း တင်ပြချက်ဥပမာများသာဖြစ်ကြကုန်၏ (ဟေရှာ ၄၅း၅–၇။ အာ ၃း၆)။



အပြစ်လုပ်ခြင်းနှင့်ဆိုင်သော သွေးဆောင်မှုသည် ကျွန်ုပ်တို့လူသားများ၏ ကိုယ်နှင့် စိတ်နှလုံးထဲက ဖြစ်ပေါ်လာခြင်းသာဖြစ်ပါသည်။ အမှန်ဆိုလျှင် ကျွန်ုပ်တို့၏ "လူ့သဘောသဘာဝ"ကသာ ကျွန်ုပ်တို့ကို သွေးဆောင်လှည့်ဖျားလျက်ရှိပါသည်။ ရှင်ပေါလုကလည်း ဤအချက်ကို သူ၏ခန္ဓာကိုယ်ထဲရှိ အပြစ်တရားဟု ပြောဆိုခဲ့ပါသည်။ တစ်ခါတစ်ရံမှာ လည်း အခြားသူများ၏ သွေးဆောင်ဖြားယောင်းမှု ကြောင့်လည်း အပြစ်လုပ်လိုသူများ ပီပီအပြစ်လုပ်ကြပါသည် (ယာ ၁း၁၄–၁၅၊ မာကု ၇း၂၁–၂၃၊ ယေရမိ ၁၇း၉၊ ရော ၇း၁၈–၂၅၊ ၅း၁၂။ သု ၁း၁၀)။

**၁၅/၄ လူသဘာဝပါ မကောင်းသောတပ်မက်ခြင်းထဲ၌ ပါသွားပြီး အပြစ် တရားထဲ၌ နေထိုင်မည်ဆိုပါက မည်သို့ဖြစ်လာမည်နည်း။**

အပြစ်လုပ်လျှင် "သေခြင်း" သို့ရောက်ရန်သာရှိပါသည်။ ထို့ကြောင့်ပင် သမ္မာကျမ်းစာက မကောင်းမှုသဘာဝရှိသောလူသားသည် သေခြင်းနှင့် ဆိုင်သော တန်ခိုးရှိသည်ဟုဆိုခဲ့ခြင်းဖြစ်၏ (ဟေဗြဲ ၂း၁၄)။

**၁၅/၅ ယေရှုခရစ်တော်က နတ်ဆိုးအပေါ် မည်သို့ပြုမူသနည်း။**

သမ္မာကျမ်းစာက နတ်ဆိုးကို ယေရှုခရစ်တော်က ဖျက်ဆီးခဲ့ကြောင်း ဖော်ပြပါသည်။ ထို့ကြောင့် နတ်ဆိုးသည် ယနေ့အသက်ရှင်ပြီး ကြီးမားသော မကောင်းဆိုးဝါးကောင်ကြီးမဟုတ်ကြောင်း ဖော်ပြပါသည်။ ခရစ်တော်သည်လည်း လူသားသဘာဝအတိုင်း ကျွန်ုပ်တို့ကဲ့သို့ အသက်ရှင်သူဖြစ်ရာ အပြစ်လုပ်ဖို့သွေးဆောင်ခြင်းကိုခံခဲ့ဘူးပါသည်။ ဆိုလိုသည်မှာ ယေရှုခရစ်တော်သည် (သူ့သဘာဝပါ အလိုရမက်များ ဖြစ်သည်)။ နတ်ဆိုးကြီးအား ဆန့်ကျင်ရင်း ရုန်းကန်တွန်းလှန်ခဲ့သည် ဟူ၍ ဖြစ်ပါသည်။ အကယ်၍ နတ်ဆိုးကြီးသည် စွမ်းအားတန်ခိုးရှိသော ကောင်းကင်တမန်ဖြစ်ပါက နတ်ဆိုးကြီးကို အောင်နိုင်ရန် ကောင်းကင်တမန် ဘဝကို ခံယူရမည်ဖြစ်၏။ သို့သော် ထိုကဲ့သို့ ခံယူခြင်း မရှိကြောင်း ဟေဗြဲ ၂း၁၆ထဲ၌ ဖော်ပြပါရှိပါသည်။ ခရစ်တော်သည် လူသားသဘာဝနှင့်တည်ရှိခဲ့ပါသည်။ သို့သော် မတူညီသော အချက်မှာ ခရစ်တော်က သွေးဆောင်လှည့်ဖြားခြင်းကို ဆန့်ကျင်လှုပ်ရှားတိုင်း

အောင်နိုင်ခဲ့ပါသည်။ တစ်ကြိမ်တစ်ခါမျှ စာတန်၏သွေးဆောင်မှုကို အသုံးမခံခဲ့ဘူးပါ။ ဤသို့ဖြင့် နတ်ဆိုးကြီးကို အောင်နိုင်တော်မူခဲ့ပါသည်။

ယေရှုခရစ်တော်သေရာမှ ရှင်ပြန်ထမြောက်တော်မူသောအခါ မပျက်စီး မပုတ်သိုးနိုင်သော ထာဝရရှင်သည့် ခန္ဓာကိုယ် ပိုင်ရှင်ဖြစ်သွားတော်မူသောကြောင့် သွေးဆောင်ဖြားယောင်းခြင်းလည်း မခံရတော့ချေ။ သူသည် လူ့သဘာဝအရ ဖြစ်ပေါ်လာသော နတ်ဆိုးကြီးကို ဖျက်ဆီးအောင်နိုင်တော်မူခဲ့ပါ သည် (ဟေဗြဲ ၂း၁၄–၁၆၊ ၄း၁၅၊ ရော ၆း၆–၁၀၊ ၁ယော ၃း၈)။

## ၁၅/၆ "စာတန်"နှင့်"နတ်ဆိုး"သည် မည်သည့်အရာကို ဆိုလိုသနည်း။

"စာတန်"သည် ဟေဗြဲဘာသာစကားဖြစ်ပြီး "ရန်သူ"ဟူ၍အဓိပ္ပါယ်ရသည် (ဓမ္မဟောင်းကျမ်းသည် ဟေဗြဲဘာသာဖြင့်ရေးခြင်း ဖြစ်၏)။ ရန်သူဆန့်ကျင်သူစွပ်စွဲသူ စသည်ဖြင့် ဘာသာပြန်ကြပြီး တစ်ခါတစ်ရံမှာလည်း နာမည်တစ်ခုအဖြစ် အသုံးပြုရေးသားကြ၏။ ဥပမာ ရှင်ပေတရုမှ ယေရှုခရစ်တော်အား စိုးရိမ်ပူပန်သောစကားဖြင့် ပြောဆို မိသောအခါ ယေရှုခရစ်တော်က ရှင်ပေတရုဖက်သို့ "စာတန်ထွက် သွားလော့" ဟု မိန့်တော်မူကြောင်း ဖတ်ရှုရပါသည်။ ထို့ကြောင့် လူ့သဘာဝသည်ပင်လျှင် ဘုရားရှင်၏ အကြီးဆုံးသော ရန်သူဖြစ်ပြီး ကျွန်ုပ်တို့အတွက်လည်းဖြစ်၏။ ထို့ကြောင့် ဓမ္မသစ်ကျမ်းထဲ၌ "စာတန်"ဟူသော စကားလုံးကို နေရာများစွာ၌ ဖတ်ရှုရပါသည်။ လူယုတ်မာများ ကိုလည်း "စာတန်" ဟု သုံးနှုန်းခေါ်ဝေါ်ကြောင်း အချို့ကျမ်းချက်များအရ သိရှိနိုင်ပါသည် (တ ၅း၃–၄၊ ၁သက် ၂း၁၈၊ မ ၁၆း၂၃၊ ၁တိ ၁း၂၀)။

ဓမ္မသစ်ကျမ်းပါ နတ်ဆိုးဟူသောစကားလုံးမှာ ဂရိဘာသာစကားဖြစ်ပြီး လူ့သဘာဝဆိုးညစ်ပုံကို ပြောဆိုသော ပုံဥပမာစကားဖြစ်ပါသည်။ လူ့သဘာဝသည် ဘုရားရှင်အတွက် မနှစ်သက်စရာဖြစ်နေပါသည်။ ယင်းကို ဘုရားရှင်ကိုယ်တော်တိုင်က နတ်ဆိုးအဖြစ်မိန့်တော်မူ၏။ ဥာဏ်နီဥာဏ်နက်ရှိသော လူယုတ်မာများကိုလည်း ဩဇာအာဏာ



ကြီးမားသူကဲ့သို့ နတ်ဆိုးဟုခေါ်ကြ၏။ ထို့ကြောင့် မကောင်းမှု ဒုစရိုက်၏ လုပ်နိုင်စွမ်းအားကို အထင်မသေးသင့်ပါ (ရော ၇း၁၃–၂၅)။

နတ်ဆိုးကြီးအား ခုခံတွန်းလှန်ရန်အတွက် ဘုရားရှင်၏ စစ်ဝတ်တန်ဆာများဆင်မြန်းရန်လိုအပ်ပါသည် (ဧဖက် ၆း၁၁)။ ဤနေရာ၌ ဂရိဘာသာစကားလုံးဖြစ်သော "ဒီယာဘောလောစ်"ကို နတ်ဆိုးဟု အသုံးပြုထားပြီး မဟုတ်မှန်စွပ်စွဲတတ်သူ မကောင်းပြောတတ်သူ စသည်ဖြင့်လည်း ဘာသာပြန်ရေးသားမှုရှိပါသောကြောင့် နတ်ဆိုးဆိုသောစကားလုံး၏ အဓိပ္ပါယ်ကိုပေါ်လွင်စေပါသည် (ယော ၆း၇၀၊ ၈း၄၄၊ ၁ယော ၃း၈၊ ဗျာ ၂း၁၀၊ ၁တိ ၃း၁၁၊ တိ ၂း၃)။

မှတ်ချက်။ အလွန်တန်ခိုးကြီးသော နတ်ဆိုးကြီးဟူသော ဘာသာပြန်ချက်များ ကျမ်းစာထဲ၌ ပါရှိသော်ငြားလည်း အကြောင်းစုံကို သေချာစွာ ခြုံငုံလေ့လာမှု မရှိသောကြောင့်သာဖြစ်ပါသည်။ ဥပမာ – ဟေရှာယ ၁၄း၁၂ ထဲရှိ လူစီဖါသည် ဆိုးယုတ်သော ကောင်းကင်တမန် မဟုတ်ပါ။ ပို၍ သင့်လျော်သည်မှာ နေ့ခင်းကြယ်ကြီးဟူ၍ ဖြစ်ပြီး လူစီဖါဟူသောစကားအစားအသုံးပြုသင့်ပါသည်။ ဆိုလိုသည် မှာလည်း ဗာဗုလုန်ဘုရင်ကြီးကို ရည်ညွှန်ခြင်းဖြစ်ပြီး ထိုဘုရင်က နေ့ခင်း ကြယ်ကြီးကို ဘုရားအဖြစ် ကိုးကွယ်ခဲ့သောကြောင့် ဖြစ်ပါသည်။ ဟေရှာ ၁၄း၄ မှစတင်ပြီး ဖတ်ရှုပါ။ ထိုနည်း၄င်းပင် ယေဇကျေလ ၂၈း၁၄ ပါ ဘိသိက်ဆီလူးသော ချယ်ရာ (ညေသညေအနိ ခုနမကဘ) ဆိုသည်မှာလည်း မကောင်းသော ကောင်းကင်တမန် မဟုတ်ပါ။ တိုင်ရုပြည်ဘုရင်ကြီးဖြစ်ကြောင်း (၂၈း၁၂) ထဲ၌ပါရှိပါသည်။

**အခန်း ၁၆**

အပြုအမူတစ်ခုဖြစ်ပါသည်။ ဘုရားသခင်မှ အမိန့်တော် ရှိသောကြောင့် ဗတ္တိဇံခံရသော အမှုကို မလုပ်မနေရ။ လုပ်ကိုလုပ်ရပါမည် (မဿဲ ၃း၁၃–၁၇၊ တမန် ၂း၃၇–၄၁၊ ၂၂း၁၃–၁၆၊ ဂလာ ၃း၂၇–၂၉၊ ၁ပေ ၃း၂၁)။

၁၈/၄ **သတင်းကောင်းတရားတော်မသိနားမလည်ခင် ဗတ္တိဇံခံရမည်လား။**
မခံရပါ။ တရားတော်ကို အရင်ပထမ နားလည်ရမည်။ ပြီးမှ ယုံကြည်ရမည်။ ပြီးမှ အမြန်ဆုံးဗတ္တိဇံခံယူရမည် (မာ ၁၆း၁၆။ တ ၈း၁၂)။

၁၈/၅ **ကလေးများ ဗတ္တိဇံခံရကြောင်း ကျမ်းစာမှာပါရှိပါသလား။**
လုံးဝမပါရှိဘူးပါ။ ကလေးများသည် ယုံကြည်နိုင်စွမ်းမရှိကြသေးပါ။ ထို့ကြောင့် ပုံမှန်အားဖြင့် ဗတ္တိဇံပေးခြင်းလည်း မရှိနိုင်ပါဘူး။ ကျမ်းစာပါ (တမန် ၈း၁၂ ကို ဖတ်ရှုရင်း သူတို့က ယုံကြည်သောအခါ ယောကျ်ားနှင့် မိန်းမအပါအဝင် အစရှိသည့် စကားလုံးများကို မှတ်ထားရပါမည်)။

၁၈/၆ **ရေကိုပက်ဖြန်းခြင်း အစက်ချခြင်းသည် ဗတ္တိဇံအမှု၌ မှန်ကန်ပါ သလား။**
မမှန်ပါ။ သခင်ယေရှုခရစ်တော်နှင့် သူ့တပည့်တော်များသည် ရေအောက်သို့အရောက် နှစ်ထားခြင်း ခံခဲ့ကြရပါသည်။ ထိုနည်းအတိုင်း လုပ်ရပါမည် (မ ၃း၁၆၊ တမန် ၈း၃၈–၃၉)။

## အခန်း ၁၉

## ခရစ်ယာန်အသက်တာ
The Christian Life

၁၉/၁ **ခရစ်တော်ညီအစ်ကိုမောင်နှမများ** (Christadelphians) **ပွဲတော်သုံးဆောင်ခြင်းပြုကြပါသလား။**
သုံးဆောင်ကြသည်။ တစ်ခါတစ်ရံ မုန့်ကို ဖဲ့ခြင်းဟုလည်း ခေါ်ကြ၏ (တမန် ၂း၄၂)။
သခင်ခရစ်တော်ကိုယ်တိုင်က သူပြန်ကြွလာသည့်တိုင်အောင်



၁၆/၃ **နတ်များသည် မည်သူများဖြစ်ကြသနည်း။ တန်ခိုးအာဏာရှိကြ သလား။**
နတ်များသည် အချို့လူများကိုးကွယ်သော ရုတုဆင်းတု (သို့မဟုတ်) မမှန်သောဘုရားများဖြစ်ကြ၏။ ရုပ်တုကိုးကွယ်သူများက နတ်များသည် တန်ခိုးကြီးသည်ဟု ယုံကြည်ကြ၏။ ခရစ်ယာန်များနှင့် မဆိုင်ပါ။ ကိုးကွယ်နေသော ထာဝရဘုရားတစ်ဆူတည်းရှိတော်မူသောကြောင့် ဖြစ်ပါ၏။ နတ်များကို ယုံကြည်လျှင် ဘုရားသခင် မယုံကြည်ခြင်းသာ ဖြစ်သည်။ အကြောင်းမူကား သန့်ရှင်းသောဝိညာဉ်တော်ကို ပြစ်မှားရာ ရောက်သောကြောင့် ဖြစ်ရသည် (၁ကော ၁၀း၁၉–၂၂၊ ၈း၁–၆၊ ဆာ ၁၀၆း၃၄–၃၉၊ မာကု ၃း၂၂–၃၀၊ ၄ရာ ၁း၁–၂)။

## အခန်း ၁၇

## ထာဝရအသက်ရရှိရာလမ်း
The Way to Eternal Life

၁၇/၁ **ခရစ်တော်၏ နိုင်ငံတော်ထဲဝင်စားလိုပါသည်။ ကျွန်တော်မည်သို့ လုပ်ရပါမည်နည်း။**

(က) သမ္မာကျမ်းစာပါသွန်သင်ခြင်းတရားအားလုံးကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပြီးမှ ယေရှုခရစ်တော်ကို သာလျှင် သင်ကယ်တင်ရှင် အဖြစ် လက်ခံရပါမည်။ ဤကဲ့သို့ဖြစ်နိုင်ရန်အတွက် သမ္မာကျမ်းစာကို ဆုတောင်းဆက်ကပ်ခြင်းနှင့်အတူ နေ့စဉ်မှန်မှန် ဖတ်ရှုလေ့လာရန် လိုအပ်ပြီး ထိုသို့လုပ်မှ ထာဝရဘုရားထံတော်မှ ရောက်ရှိလာသော ပညာ ဉာဏ်အပေါင်းရရှိခံစားကာ လိုက်နာကျင့်သုံးသော သူဖြစ်သွားနိုင် ပါသည်။ သမ္မာကျမ်းစာကို နေ့စဉ်နှင့်အမျှ ဖတ်ရှုလေ့လာပါ (၂တိ ၃း၁၄–၁၇၊ တ ၄း၁၂၊ ယာ ၃း၁၃–၁၈)။

(ခ) သင့်အပြစ်ကို သင်နောင်တရရမည် (မလုပ်မဖြစ်)။ ဆိုလိုသည်မှာ သင်တစ်ယောက်အပြစ်သားဖြစ်ကြောင်း နားလည်ရင်း ထိုအပြစ်အတွက် စိတ်ထဲမှ အမှန်တကယ် ဝမ်းနည်းမှုသံဝေဂရှိရမည်ဟူ၍ဖြစ်ပါသည်။ သင့်အပြစ်ကို ခွင့်လွှတ်နိုင်ရန် ထာဝရဘုရားကို ယေရှုခရစ်တော်အားဖြင့်

တမ်းတရမည်။ တစ်ဆက်တည်းမှာလည်း သူ့ပညတ်တရားတော်ကို လိုက်နာကျင့်သုံးသွားမည့်အကြောင်း ထာဝရဘုရားကို ကတိပေးတိုင်တည်ရမည် (တ ၃း၁၉၊ ၁ယော ၃း၆)။

(ဂ) ပြီးမှ ဗတ္တိဇံ ခံယူရမည် (တမန် ၂း၃၈–၄၂)။

(ဃ) ယေရှုခရစ်တော်၏ အကျင့်သီလအတိုင်း လိုက်လျှောက်ရင်း ခရစ်တော်၏ ပုံစံအတိုင်း ဝိညာဉ်ရေးရာ အသက်တာသို့ ဆက်လက်ရှင်သန်လှုပ်ရှားရမည် (ရော ၂း၇၊ ၆း၁–၄၊ ၈း၁–၄)။

(င) သင်သည် ထာဝရဘုရား၊ သူ၏ သားတော်နှင့် ခရစ်ယာန်ညီအစ်ကိုများနှင့်အတူ ယေရှုခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အကြောင်းသတိရအောက်မေ့ဖွယ်အဖြစ် မုန့်နှင့် စပျစ်ရည်ဖြင့် တည်ခင်းသောပွဲတော်ကို မမေ့မလျော့ပါဝင်သုံးဆောင် ရမည် (၁ကော ၁၀း၁၆–၁၇၊ ဟေဗြဲ ၁၀း၂၅ နှင့် ၁ယော ၁း၃–၄)။

## အခန်း ၁၈

## ဗတ္တိဇံခံခြင်း
Baptism

### ၁၈/၁ "ဗတ္တိဇံ" ဆိုသည်မှာအဘယ်နည်း။

ဓမ္မသစ်ကျမ်းပါ ညွှန်ကြားချက်အရ "ဗတ္တိဇံ" ခံရသော ပုဂ္ဂိုလ်သည် ရေထဲ၌ တစ်ကိုယ်လုံးနှစ်ခြင်းပြုလုပ်ပြီးမှ ပြန်လည်ဆွဲထုတ်ရမည်။ ဤသို့ပြုလုပ်ခြင်းသည် အရှင်သခင် ဖြစ်တော်မူသော ယေရှုခရစ်တော်၌ အသစ်သော အသက်တာသို့ ထမြောက်ခြင်းဖြစ်၏ (မဿဲ ၃း၁၃–၁၇၊ မာကု ၁း၉–၁၀၊ ယော ၃း၂၃၊ တမန် ၈း၃၆–၃၉)။

### ၁၈/၂ ဗတ္တိဇံ အမှုသည် ဘာကိုဆိုလိုပါသနည်း။

(က) ဗတ္တိဇံအမှုသည် သခင်ခရစ်တော် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက် ခြင်းအမှုကို သတိရစေပါသည်။ အပြစ်ထဲက လွတ်ကျွတ်သွားရန် အတွက် ကျွန်ုပ်တို့သည် ခရစ်တော်နှင့် အတူတကွ အသေခံခြင်းနှင့် ခရစ်တော်၌ ပြန်လည်ထမြောက်အသက်ရှင်ကြသူဖြစ်ကြောင်း ဖော်ပြသည့် လက္ခဏာအထိမ်းအမှတ်တစ်ခုဖြစ်ပါသည်(ရော ၆း၃–၄)။

(ခ) ခရစ်တော်ပြန်ကြွလာချိန် ရှင်ပြန်ထမြောက်ခြင်း၌ အတူတကွ ပါဝင်နိုင်ရန်အတွက် ခရစ်တော်အသေခံခြင်း၌ အတူတကွ ပူးပေါင်းပါဝင်ကြောင်း ဖော်ပြခြင်းဖြစ်သည် (ရော ၆း၅)။

(ဂ) ရေထဲ၌ နှစ်ခဲ့တုန်းက ဇာတိဟောင်းကြီး (စိတ်ထားဟောင်းကြီး) သည် သေဆုံးသွားပြီး အပြစ်ထဲက ထွက်ခွါလွတ်ကျွတ်သူများဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ငါတို့အပြစ်အားလုံးကို ဘုရားရှင်မှ ခွင့်လွှတ်တော်မူပြီဟူ၍ဖြစ်၏။ ထိုနောက် ယေရှုခရစ်တော်၏ တပည့်တမန်တော်များအတိုင်း သစ်လွင် လတ်ဆတ်သောဘဝအသက်တာကို လျှောက်ကြရမည်ဟု ဖော်ပြခြင်းဖြစ်သည် (ရော ၆း၆–၇)။

(ဃ) ရေထဲမှ ပြန်ထွက်လာသောအခါ သေခြင်းမှ ရှင်ခြင်းသို့ရောက်ရှိသူများ ပုံစံဖြင့် မိမိကိုယ်ကိုမိမိ ဘုရားရှင်ထံ အပ်နှံရပါသည်။ သို့သော် မသေနိုင်သော အဖြစ်မျိုးမဟုတ်ပါ။ ဖြောင့်မတ်စွာ အသက်ရှင် နေထိုင်ခြင်းသို့ စိတ်တိုးတိုးချခြင်း (ယတိပြတ်ဆုံးဖြတ်ခြင်း) သာဖြစ် ပါသည် (ရော ၆း၁၁–၁၃)။

(င) ဗတ္တိဇံအမှုသည် ဘုရားရှင်၏ သားသမီးဖြစ်ခြင်း၌ ကြိုတင်လက်မှတ် (သုနည) ရရှိထားခြင်းဖြစ်သည်။ အစဉ်တည်မြဲသော ပဋိညာဉ် တရားအရ ယေရှုခရစ်တော်၌ အာဗြဟံ၏ မျိုးစေ့ပင်ဖြစ်သည့် အခွင့်ရမည် ဖြစ်ကြောင်းဖော်ပြခြင်းဖြစ်ပါသည် (ဂလာ ၃း၂၆–၂၉)။

(စ) ထိုသို့သော အသက်တာအသစ်နှင့် အပ်နှံမှုကြောင့် ကျွန်ုပ်တို့သည် ဘုရားရှင်၏ ကျေးဇူးခံစားရာသို့ရောက်ရှိ ကြ၏ (ရော ၆း၁၄၊ ၂၀/၁ မှာဆက်ဖတ်)။

### ၁၈/၃ ဗတ္တိဇံခံရခြင်းကို မလုပ်မဖြစ်လုပ်ရမည်လား။

လုပ်ရမည်။ ခရစ်တော်ကိုယ်တိုင်နှင့် ရှင်ပေါလုအပါအဝင် ကနဦးဆုံး အသင်းတော်သားများအားလုံး ဗတ္တိဇံခံကြကုန်၏။ ယေရှုခရစ် ကိုယ်တော်တိုင် မိန့်ဆိုခဲ့ပါသည်။ ထို့ကြောင့် ဗတ္တိဇံအမှုသည် ခရစ်တော် အား နာခံသော

လုပ်ကိုင်တတ်သူဖြစ်ရပါမည်။ သူ့ဘဝအသက်တာ နေထိုင်ပြောဆိုပုံသည် သန့်ရှင်းစင်ကြယ်ရမည်။ လင်မယားဆိုသည့် အချင်းချင်း ကျေးဇူးပြုတတ်ခြင်းနှင့် သစ္စာရှိခြင်းနှင့် ပြည့်စုံရမည်။ ခရစ်တော်ကဲ့သို့ အသင်းတော် (ယုံကြည်သူများ) အပေါ် ဆက်ဆံ ပြုသည့်အတိုင်း ဖြစ်ရမည်။ သားသမီးများ မေတ္တာတရားရှိသော မိဘများက သာယာသော အိမ်ထဲ၌ ဆုံးမပြုပြင်မှုရရှိရမည်။ မိဘဖြစ်သူ သည် သားသမီးများက ဘုရားရှင်၏ တရားစကားများ နားထောင်နာခံ တတ်လာအောင် ပြောဆိုဆုံးမရမည် (ရော ၁၂:၉–၂၁၊ ဂလာ ၅:၂၂–၂၃၊ ဧဖက် ၄:၂၀–၃၂၊ ၅:၁–၅၊ ၂၂:၃၃၊ ၆:၁–၉၊ ကောလောသဲ ၃:၁၂–၂၅)။

**၁၉/၈ ခရစ်ယာန်တစ်ပါးသည် သူတစ်ပါးအပေါ် မည်သို့သော သဘောထား ရှိရမည်နည်း။**

ခရစ်ယာန်မှန်လျှင် ထာဝရဘုရားနှင့် ယေရှုခရစ်တော်အတွက် အလုပ်လုပ်သူဖြစ်ရမည်။ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ကူညီလုပ်ကိုင်မှုသည် ဘုရားသခင်အတွက် အလုပ်လုပ်ခြင်းပင် ဖြစ်ပါသည်။ ဆိုလိုရင်းမှာ သူတစ်ပါးကို ဦးစားပေးရမည်ဟူ၍ဖြစ်၏။ ခရစ်တော်က ကျွန်ုပ်တို့အား ချစ်ခင်လာခဲ့သည့်အတိုင်း သူတစ်ပါးကို လည်း ချစ်ခင်ရမည်။ အချင်းချင်း အပေါ်ချစ်ခင်မှု မရှိလျှင် ဘုရားရှင်ကို ချစ်ခင်နိုင်မည်မဟုတ်ပါ။ သူတစ်ပါးအကျိုးမပြုမကူညီတတ်လျှင် ဘုရားရှင်အတွက်လည်း အကျိုးပြုခြင်းမရှိနိုင်ပါ (လု ၁၀:၂၅–၂၇၊ ၁ယော ၃:၁၆–၂၃၊ ၄:၂၀–၂၁၊ ယော ၁၃:၁၂–၁၇)။

**၁၉/၉ ခရစ်ယာန်ဖြစ်သူသည် ထာဝရဘုရားထံ မည်သို့ဆက်ကပ် ရမည်နည်း။**

ထာဝရဘုရားသည် ကျွန်ုပ်တို့အတွက် သူ့သားတော်ကိုပေးအပ်တော်မူ ပါပြီ။ ထို့ကြောင့် ခရစ်ယာန်ဘာသာဝင်တစ်ပါးဖြစ်သူသည် ဘဝတစ်ခုလုံး (စိတ်ရောကိုယ်ပါ) ဘုရားရှင်ထံ ဆက်လက် အပ်နှံထားရမည်။ ယေရှုခရစ်တော်၏ တရားပညတ်တော်များအား မိမိအသက်တာ၌ လိုက်နာကျင့်သုံးခြင်းသည် နောက်လိုက် တပည့်တော်လုပ်ရာ၌ အထူးအရေးအကြီးဆုံးဖြစ်ပါသည် (မာကု ၁၀:၁၇–၂၂၊ ၁၂:၄၁–၄၄၊ ရော ၁၂:၁–၂)။



သူပြီးစီးတော်မူခဲ့သော ယဇ်ပူဇော် ဆက်ကပ်ခြင်းအမှုတော်အား သတိရအောက်မေ့ခြင်းအဖြစ် မုန့်ကိုဖဲ့ပြီး စပျစ်ရည်နှင့် သုံးဆောင်ခြင်းကို ပုံမှန်ပြုလုပ်ကြရန် သူ့တပည့်တော်များအား မိန့်မှာတော်မူခဲ့ ပါသည်။ မုန့်သည် ကိုယ်တော်၏ အသားတော်ကို ကိုယ်စားပြုပြီး စပျစ်ရည်သည် ကိုယ်တော်၏ အသွေးတော်အားကိုယ်စားပြု ပုံဆောင်ပါသည် (၁ကော ၁၁:၂၃–၂၆၊ ယော ၆:၅၃–၅၆)။

**၁၉/၂ မုန့်နှင့်စပျစ်ရည် သုံးဆောင်ခြင်းသည် အဘယ့်ကြောင့် လိုအပ်ပါ သနည်း။**

(က) ဗတ္တိဇံအမှုတော်သည် အသစ်တစ်ဖန် မွေးဖွားခြင်းအနေဖြင့် ဖေါ်ပြခြင်းရှိပါသည်။ ကြီးပြင်းလာသော ကလေးတစ်ယောက်အတွက် အစားအစာ ပုံမှန်စားသောက်ရန် လိုအပ်ပါသည်။ မုန့်ကို ဖဲ့ပြီးစားသုံးခြင်းသည် ဝိညာဉ်ဆိုင်ရာ အစားအစာ စားသုံးခြင်းဖြစ်ကြောင်း ပုံဆောင်ခြင်းဖြစ်ပြီး ဝိညာဉ်ဆိုင်ရာ အစာဖြစ်ပါသည်။

(ခ) ဗတ္တိဇံခံယူခြင်းအမှု၌ ငါတို့၏ ကျူးလွန်ခဲ့သော အပြစ်များခွင့်လွှတ်ခြင်း ရှိပါသည်။ သို့သော် အားနည်းသော လူ့သဘာဝသည် အပြစ်လုပ်ခြင်းမှ ရပ်စဲမှုမရှိနိုင်ခဲ့ပါ။ မုန့်ဖဲ့ဝေခြင်းအမှုသည် ယေရှုခရစ်တော်၏ ခန္ဓာကိုယ် ဆက်ကပ်မှုကို သတိရစေပြီး ကျူးလွန်ခဲ့သော အပြစ်များခွင့်လွှတ် စေကြောင်း ဆုတောင်းနိုင်ရသော အခွင့်ကို ရရှိစေပါသည်။

(ဂ) မုန့်ကိုဖဲ့ဝေသောအခါ ဗတ္တိဇံခံရစဉ်က ပြုလုပ်ခဲ့သော ကျွန်ုပ်တို့၏ သံဓိဋ္ဌာန်ကတိစကားကို ပြန်လည်အမှတ်ရ စေပါသည်။ ဤအချိန်၌ မိမိဘဝတစ်ခုလုံးပြန်လည် အပ်နှံခြင်းပြုလုပ်ရသည်။ ထို့ပြင် ယေရှုခရစ်တော်သည် ယခုလောလောဆယ် ကောင်းကင်ဘုံ၌ စံမြန်းနေပါသော်လည်း ဤမြေကြီး အပေါ်ပြန်လည်ကြွရောက်လာမည့် အကြောင်းကိုလည်း သတိပေးမှတ်မိစေပါသည်။

(ဃ) စတုတ္တအနေဖြင့်မုန့်ကို ဖဲ့ဝေသုံးဆောင်ခြင်းသည် ခရစ်ယာန် အချင်းချင်း မိတ်သဟာယဖွဲ့မှုကို အားကောင်းခိုင်မြဲစေပါသည်။ ယုံကြည်သူ အဖွဲ့အစည်းထဲမှာ နုတ်ထွက်ခွင့်ကို ကျမ်းစာက မပြုပါ။ ယုံကြည်ခြင်း သဘောတရားတူညီသူ၊ ညီအစ်ကို အချင်းချင်း အားပေးကူညီဖေးမ ရမည့်အကြောင်း ကျမ်းစာက သွန်သင်ထား ပါသည်။ ယုံကြည်သူ အဖွဲ့အစည်းမှာ မပါဘဲ ထွက်သွားခြင်းသည် ကြီးလေးသော အပြစ်တစ်ခု

ဖြစ်သည် (၁ကော ၁၁း၂၃–၂၉၊ မ ၂၆း၂၆–၂၈၊ ၁ကော ၁၀း၁၆–၁၇၊ တမန် ၂း၄၂–၄၆ နှင့် ဟေဗြဲ ၁၀း၂၄–၂၅)။

**၁၉/၃ မုန့်နှင့်စပျစ်ရည်ပွဲတော်သုံးဆောင်ခြင်းကို အထူးနေ့ရက် များ၌သာ ပြုလုပ်ရမည်လား။**

ဤသို့မလုပ်ပါ။ မုန့်ဖွဲ့ဝေခြင်းအမှုတော်ကို တနင်္ဂနွေနေ့ ညနေပိုင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ယေရှုခရစ်တော်ကလည်း မကြာခဏ သုံးဆောင်ရန် မိန့်ကြားတော်မူခဲ့ပါသည်။ သို့သော် အချိန်နှင့် နေ့ရက်အတိအကျ မိန့်မှာခြင်းမရှိပါ။ ကနဦးအသင်းတော်စတင်ခဲ့သူ တမန်တော်တို့ကမူ တနင်္ဂနွေနေ့၌သာ သုံးဆောင်ခြင်းပြုလာခဲ့ကြ၏။ ထို့ကြောင့် တနင်္ဂနွေနေ့သည် ခရစ်ယာန်အားလုံးနှင့် သင့်တော်ကြောင်း ယူဆနိုင်ပါသည် (တမန် ၂၀း၇၊ ၁ကော ၁၁း၂၅–၂၆)။

**၁၉/၄ ခရစ်တော်ညီအစ်ကိုများ (Christadelphians) အခြားကိုးကွယ်ဝတ်ပြုခြင်းများ ရှိပါသလား။**

ရှိပါသည်။ သတင်းကောင်းဟောကြားခြင်းနှင့် သမ္မာကျမ်းစာဖတ်ရှုလေ့လာခြင်း ပြုလုပ်နိုင်ရေးအတွက် အတူတကွ စုဝေးဝတ်ပြုခြင်း ရှိခဲ့ပါသည်။ ထိုဝတ်ပြုခြင်း၌ ဂုဏ်တော်ချီးမွမ်းခြင်းဆိုင်ရာ သီချင်းဆိုခြင်း၊ ဆုတောင်းဆက်ကပ်ခြင်းနှင့် ကျမ်းပိုဒ်များဖတ်ရှုခြင်း စသည့် အမှုတော်ဆောင်ခြင်း ပါဝင်၏။ ဤအပြုအမူများကို အထူးပြုအားပေးလုပ်ဆောင်ရပါမည် (ဟေဗြဲ ၁၀း၂၄–၂၅)။

**၁၉/၅ ဥပုဒ်နေ့ (တနင်္ဂနွေ) ကို စောင့်ထိန်းသင့်သလား။**

မစောင့်ထိန်းသင့်ပါ။ အကြောင်းမှာ ယေရှုခရစ်တော်ကိုယ်တိုင် ဥပုဒ်နေ့ကို ပြီးပြည့်စုံလင်စေတော်မူခဲ့သော ကြောင့်ဖြစ်သည် (မ ၅း၁၇)။ လေးမြောက်ပညတ်တရားတော်က "ဥပုဒ်နေ့ကိုစောင့်ထိန်းကြ" ဟု မိန့်ဆိုသော်လည်း (ထွက် ၂၀း၈) အာဒံအပေါ် ကျရောက်ခဲ့သော ကျိန်ဆိုစကား ဖြစ်သည်။ "သင့်တစ်သက်လုံးအလုပ်လုပ်ရမည်" ဟူသော စကားလုံးအစား တစ်ဖက်မှာ တစ်နေ့ နားနေခွင့်ပြု တော်မူခဲ့ပါသည် (က ၃း၁၇)။ ဘုရားရှင်ကို ယုံကြည်ကိုးစားရင်း ဥပုဒ်စောင့်သူများကို ဘုရားရှင်က



အထူးကြည့်ရှုစောင့်ရှောက်တော်မူ၏ (ထွက် ၁၆း၂၂–၂၄)။ ဘုရားရှင်၏ ဥပုဒ်နေ့ကို ငြင်းပယ်ခြင်းသည် ဘုရားရှင်၏ ကျေးဇူးတော်ကို ငြင်းပယ်ရာ ရောက်၏။ သို့သော်ငြား လည်း ယေရှုခရစ်တော်ကိုယ်တိုင်သည် သူ့ကို ယုံကြည်သူများအတွက် ထာဝရဘုရား၏ ကျေးဇူးတော်အဖြစ် ပေါ်ထွန်းလာပါမည်။ ယေရှုခရစ်တော်သည် ဥပုဒ်နေ့၌လည်း ထာဝရဘုရား၏ အမှုတော်ဆောင်ခဲ့သည့်အပြင် သူ့ကိုသူ "ဥပုဒ်နေ့၏ အရှင်သခင်" ဟုပင် ကြေညာတော်မူခဲ့၏ (မ ၁၂း၅–၈၊ ယော ၅း၁၇)။ ထို့ကြောင့် ခရစ်တော်က အာဒံအပေါ်တင်ကျိန်ဆိုခဲ့သည့် ဝန်ပိုးကြီးကို ဖယ်ရှားပြီး ဖြစ်ပါသည် (မ ၁၁း၂၈–၃၀၊ ၆း၃၁–၃၃)။ ယခုအခါ စစ်မှန်သော ခရစ်ယာန်များအတွက် အားလုံးသောနေ့များသည် ဥပုဒ်နေ့ဖြစ်သွားပြီး ဖြစ်၏။ သူတို့အတွက် ထာဝရဘုရားက ထာဝရ နားရက်ဖြစ်သော ဥပုဒ်အဖြစ် ပြင်ဆင်တော်မူပါပြီ (ဟေဗြဲ ၄း၈–၁၀)။ အချို့သော ခရစ်ယာန်များက သီးသန့်နေ့ရက်များကို ဘုရားရှင်ထံ ဆက်ကပ်ခြင်းအတွက် ရာထားလိုကြသည်။ ဤယူဆချက်သည် ကောင်းမြတ်ပေ၏၊ ရောမ ၁၄း၅–၉ ထဲ၌ အထူးတလည် ဖော်ပြထားပါသည်။

**၁၉/၆ ခရစ်ယာန်တစ်ပါးသည် ကျမ်းစာကို မည်သို့သော အတိုင်းအတာ နှင့် အကြိမ်အရေအတွက်ဖြင့် ဖတ်ရှုရမည်နည်း။**

ဖြစ်နိုင်က နေ့စဉ်နေ့တိုင်းဖတ်ရပါမည်။ ကျမ်းစာမဖတ်တတ်သူအတွက် ဖတ်တတ်သောသူထံသွားရောက် နားထောင်သင့်ပါ။ ထိုအခါ ကျမ်းစာ အတိုင်း ဖတ်ပြသောအသံပါ စကားလုံးများကို ကြားသိနိုင်ပါသည် (တမန် ၁၇း၁၁)။

**၁၉/၇ မည်သည့်ဘဝအသက်တာ၌ ခရစ်ယာန်တစ်ပါးသည် ကျင်လည်ရမည်နည်း။**

ခရစ်ယာန်တစ်ပါးသည် အမှန်တရားလက်ကိုင်ထားသူ ပွင့်လင်း ရိုးသားသူ၊ ဆင်ခြင်တုံတရားရှိသူ၊ ငြိမ်းချမ်းစွာပြုမူတတ်သူ၊ ကျေးဇူးပြုတတ်သူ၊ သဒ္ဒါကြည်လင်သူ၊ အားကိုးယုံကြည်ထိုက်သူနှင့် အပျင်းမထူကြိုးစား

၁၉/၁၆ **ရွေးကောက်ပွဲ၌မဲဆန္ဒပေးခြင်းအားဖြင့် နိုင်ငံရေးရာထူး ရရှိရေးအတွက် ခရစ်ယာန်တစ်ပါးအနေဖြင့် အခြားသူများကို ကူညီရမည်လား။**

မကူညီရပါ။ မဲဆန္ဒထည့်ခြင်းသည် နိုင်ငံရေး၌ စိတ်ပါဝင်စားကြောင်း ဖော်ပြရာဖြစ်ပြီး၊ ခရစ်ယာန်တစ်ပါးအနေဖြင့် နိုင်ငံရေးထဲမပါသင့်ပါ။ ခရစ်ယာန်တစ်ပါးအနေဖြင့် ဘုရားရှင်မှ ခွင့်ပြုထားသောမည်သည့် အစိုးရမျိုးမဆို၊ လက်ခံကြိုဆိုရပါမည်။ ထို့နောက် ထိုအစိုးရက တိုင်းပြည်ကို ကောင်းမွန်မှန်ကန်စွာ အုပ်ချုပ်နိုင်ရန်အတွက် ဆုတောင်း ပေးရပါမည် (ဒံ ၄း၂၅၊ ၁တိ ၂း၁–၂)။

၁၉/၁၇ **ခရစ်ယာန်ဘာသာဝင်များ ရှောင်ရှားသင့်သော အလုပ်အကိုင် ရှိပါသလား။**

ရှိပါသည်။ အခြားသူများကို အတင်းအကြပ်လုပ်ခိုင်းရသော အလုပ်အကိုင်မျိုး (ရဲတပ်၊ စစ်တပ် စသည်များ) ကို ရှောင်ရှား သင့်ပါသည်။ အမိန့်နာခံခြင်းနှင့်ပတ်သက်သော ဝန်ခံကတိဆိုမှုရှိသည့် အလုပ်ရာထူး မျိုးကို ရှောင်ရှားသင့်ပါသည်။ ခရစ်ယာန် မှန်လျှင် မည်သည့် လူသားပုဂ္ဂိုလ် အပေါ်မှာမဆို၊ သစ္စာဆိုခြင်းမပြုသင့်ပါ။ ထို့ပြင် ခရစ်ယာန်တစ်ပါးသည် ခရစ်ယာန်နှင့် မသက်ဆိုင်သော အခြေအနေများ (ဥပမာ – လောင်းကစားပွဲ၌ အလုပ်လုပ်ခြင်း လက်နက်ထုတ်လုပ်ရုံ၌ လုပ်ခြင်း၊ အရက်ဆိုင်များ မကောင်းမှုအားပေး သော စာအုပ်များရောင်းသည့် ဆိုင်များ၌ အလုပ်လုပ်ခြင်း) ကို ရှောင်ကြဉ်ရမည် (၁တိ ၅း၂၂၊ ၁သက် ၅း၂၂)။

၁၉/၁၈ **ခရစ်ယာန်များသည် သူတို့ဆန္ဒရှိသလို မည်သူနှင့်မဆို မင်္ဂလာ ဆောင်၍ ရသလား။**

မရပါ။ အကြောင်းမှာ လက်ထပ်ခြင်းအမှုသည် ရေရှည်ကာလအတွက် ဖြစ်ပြီး အထူးတလည် အရေးပါလှပါသည်။ မင်္ဂလာဆောင်ခြင်းအရေးပါ လှပုံကို ယေရှုခရစ်တော်ကိုယ်တိုင်က သူနှင့် သူ့တပည့်တော်များ ဆက်ဆံရေး၌ ပုံစံတစ်ခုအဖြစ် မိန့်ဆိုခဲ့ကြောင်း ကျမ်းစာက ဆိုပါသည်။ လူမိန်းမသည် လူယောကျ်ားကို ကူညီရန်အတွက် ကူညီဖော်အဖြစ် ဘုရားရှင်က ပြုလုပ်ဖန်ဆင်းခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်သည် စိတ် သဘောထားယုံကြည်ခံယူပုံ တန်ဖိုးထားပုံ၌မျှဝေခံစားသူများဖြစ်ကြရန် အထူးသဖြင့် ကျမ်းစာခံယူပုံနှင့် ခရစ်ယာန်ဘာသာယုံကြည်ခြင်းတရား၌ မျှဝေခံစားကြသူများဖြစ်ကြရမည်။



၁၉/၁၀ **ခရစ်ယာန်တစ်ပါးသည် တရားဟောကြားခြင်းမှ ငွေကြေးရရှိခြင်း ကို မျှော်လင့်ချက်ထားရမည်လား။**

ဤသို့မျှော်လင့်ခြင်းမရှိရပါ။ ယေရှုခရစ်တော်က “သင်တို့သည် အဖိုးအခ မပေးမဆောင်ဘဲ ရရှိသကဲ့သို့ အဖိုးအခမယူဘဲ ဟောကြားဝေငှကြလော့” ဟု မိန့်ဆိုတော်မူခဲ့၏ (မ ၁၀း၈)။ ထို့ပြင် ရရှိခြင်းထက်၊ ပေးဝေခြင်း၌ ပို၍ မင်္ဂလာရှိသည်ဟူ၍လည်း မိန့်ဆိုသွန်သင်တော်မူခဲ့သည် (တမန် ၂၀း၃၅)။

၁၉/၁၁ **ယုံကြည်ခြင်းတရားအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကားအဘယ်နည်း။**

ယုံကြည်ခြင်းတရားဆိုသည်မှာ ထာဝရဘုရား၏ ကတိတော်စကားကို ယုံကြည်လက်ခံခြင်းပင်ဖြစ်ပါသည်။ ဥပမာ နောဧသည် ကမ္ဘာကြီးအား ရေဖြင့် ဖျက်ဆီးပစ်မည်ဟူသော ထာဝရဘုရား၏စကားကို ယုံကြည်သည်။ ထို့ကြောင့် သူယုံကြည်ကြောင်းကို သင်္ဘော တည်ဆောက်ခြင်းအားဖြင့် သက်သေပြနိုင်ခဲ့သည်။ ယုံကြည်ခြင်း တရားမရှိသောသူသည် ထာဝရဘုရားအပေါ် အယုံအကြည်မရှိသူသာလျှင်ဖြစ်သည်။ ဘုရားရှင်သည် သူ့ကတိတော်အတိုင်း လုပ်ဆောင်မည်ကို စိတ်ထဲမှ မယုံသူဖြစ်ပါသည်။ ထိုကဲ့သို့သော သူများ၏ စိတ်နှလုံးထဲ၌ ဘုရားသခင်သည် ကတိတော်အတိုင်း မလုပ်သူအဖြစ် တွေးတောရင်း ဘုရားရှင်အား မုသာဝါဒီသမား ထင်မြင်ခေါ်ဝေါ်ပြောဆိုတတ်သည်။ ထို့ကြောင့် ယုံကြည်ခြင်းတရားသည် ခရစ်ယာန်ဘာသာဝင် အသက်တာ၏ အရေးပါသော အစိတ်အပိုင်း ဖြစ်ပါသည်။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့၏ အပြစ်များ ဆေးကြော နိုင်ကြောင်း ယုံကြည်ပါက ဗတ္တိဇံအမှုကို ခံယူခြင်းအားဖြင့် လက်တွေ့ဖော်ပြရပါမည်။

ယေရှုခရစ်တော်အား ဤလောကကို ဆေးကြောသန့်ရှင်းရန်နှင့် ကမ္ဘာကြီးအား ခရစ်တော်၏ သန့်ရှင်းစင်ကြယ်ခြင်းဖြင့် ပြည့်နှက် သွားရန် ထာဝရဘုရားမှ စေလွှတ်မည်ဖြစ်ကြောင်း ယုံကြည်ပါက ခရစ်တော် ပြန်ကြွလာချိန်အတွက်

ကိုယ့်စိတ်နှလုံးကို ပြင်ဆင်ခြင်းနှင့် ဆုတောင်း ဆက်ကပ်ခြင်းပြုလုပ်ရန်သာ ရှိပါသည်။ ယုံကြည်ခြင်းကို လက်တွေ့ဖေါ်ထုတ်ပြသခြင်းမရှိဘဲ ခရစ်ယာန်တစ်ပါးဟူ၍ မခေါ်ဆိုနိုင်ပါ။ (ဟေဗြဲ ၁၁း၆–၇၊ ယာ ၂း၂၁–၂၆၊ ဂလာ ၃း၆–၉၊ ၁ယော ၅း၁၀၊ ဧဖက် ၂း၈)။

**၉/၁၂ ခရစ်ယာန်တစ်ပါးသည် နေ့တိုင်းဆုတောင်းရမည်လား။**

နေ့တိုင်း ဆုတောင်းရမည်။ ဘုရားရှင်က ပုံမှန်ဆုတောင်းခြင်းကို အလိုရှိတော်မူ၏။ ယေရှုကိုယ်တော်တိုင် ဆုတောင်းခြင်းကို အမြဲပြုကျင့်ရမည့် အကြောင်းနှင့် စိတ်ဓါတ်ကျခြင်းမရှိသင့်ကြောင်း သွန်သင်မိန့်မှာတော်မူခဲ့သည်။ ဆုမတောင်းသူသည် မကြာခင်ထာဝရဘုရားနှင့် အဆက်အသွယ် ပြတ်တောက် သွားသည်။ ယေရှုခရစ်တော်သည်ပင် ညလုံးပေါက် ဆုတောင်းခြင်းကို အခါအားလျှော်စွာ ပြုတော်မူ၏။ ခရစ်ယာန် အသက်တာ၌ ဆုတောင်းခြင်းသည် ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အရေးအကြီးဆုံးလည်းဖြစ်သည်။ ယေရှုခရစ်တော်သည် ဘုရားရှင် ရှေ့တော်၌ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်ကြီးဖြစ်ပြီး ကျွန်ုပ်တို့သည် ခရစ်တော်မှတစ်ဆင့် ဘုရားရှင်ထံ ဆုတောင်းရပါသည် (လု ၁၈း၁။ မ ၆း၅–၁၃၊ လု ၆း၁၂၊ ယာ ၅း၁၆–၁၈၊ ရောမ ၁၂း၁၂၊ တမန် ၂း၄၂၊ ဗျာ ၅း၈)။

**၁၉/၁၃ ခရစ်ယာန်တစ်ပါးသည် ဆိုးယုတ်သောသူများကို တိုက်ခိုက် ရမည်လား။**

မတိုက်ခိုက်ရပါ။ ခရစ်တော်ကိုယ်တိုင်သည် သေဆုံးခြင်းသို့ ပို့ဆောင်သောရန်သူလူဆိုးများ၏ ပတ်ပတ်လည်၌ အမှုတော်ဆောင်ခဲ့ပါသည်။ သို့သော် ထိုလူဆိုးများကို အနာတရတိုက်ခိုက်ခြင်းမရှိခဲ့ပါ။ ထိုနည်းအတိုင်း ကျွန်ုပ်တို့လည်း မည်သူ့ကိုမျှ မတိုက်ခိုက်သင့်ပါ။ မိမိကိုယ်ကို ကာကွယ်ခုခံရာမှာလည်း အနာတရထိခိုက်မှုမရှိစေသင့်ပါ။ ဆိုလိုသည်မှာ ခရစ်ယာန်တစ်ပါးသည် ရဲတပ်ဖွဲ့ဝင်များကဲ့သို့သော်၎င်း၊ လက်နက်ကိုင် တပ်ဖွဲ့ဝင် ကဲ့သို့သော်၎င်း မလုပ်သင့်ပါဟူ၍ဖြစ်ပါသည် (လု ၉း၅၄–၅၆၊ မ ၂၆း၅၁–၅၂၊ ၁၀း၁၆၊ ၅း၃၈–၄၈၊ ရော ၁၂း၁၈–၂၁၊ ၂တိ ၂း၂၄)။



**၁၉/၁၄ မိမိနေထိုင်သောနိုင်ငံ၏ တရားဥပဒေအပေါ် ခရစ်ယာန်တစ်ပါးက မည်သို့သဘောထားရမည်နည်း။**

ထာဝရဘုရား၏ ပညတ်တရားစကားများနှင့် ဆန့်ကျင်ခြင်းမရှိပါက ခရစ်ယာန်တစ်ပါးအနေဖြင့် နိုင်ငံတော်အစိုးရ၏ တရားဥပဒေများကို လိုက်နာရမည်။ ခရစ်ယာန်တစ်ပါးသည် တရားဥပဒေကို လေးစားလိုက်နာသော လူကောင်းဖြစ်ရမည်။ ဘုရားရှင်၏ ပညတ်တော်တရားစကားများနှင့် ဆန့်ကျင်သော ဥပဒေများရှိမှသာ (ဥပမာ– ရုပ်တုကိုးကွယ်ခိုင်းခြင်း စစ်တပ်သို့ဝင်ခိုင်းခြင်း စသည်များ) လူတွေကို နာခံခြင်းထက် ထာဝရဘုရားကိုသာ နာခံရမည် (တမန် ၅း၂၉၊ တိတု ၃း၁၊ ရော ၁၃း၁–၇၊ လုကာ ၂၀း၂၅)။

**၁၉/၁၅ မိမိနိုင်ငံ တိုးတက်ရေးအတွက် ခရစ်ယာန်တစ်ပါးအနေဖြင့် နိုင်ငံရေး လှုပ်ရှားမှုတွင် ပါဝင်ရမည်လား။**

မပါရပါ။ ယေရှုခရစ်တော်သည်လည်း သူနေထိုင်ရာ နိုင်ငံ၏ တိုးတက်ရေးအတွက် လှုပ်ရှားခဲ့ခြင်းမရှိပါ။ အုပ်ချုပ်သူအဖြစ် အတင်းအဓမ္မတင်မြှောက်ခြင်းနှင့် ကြုံသောအခါမှာလည်း သူတစ်ပါး အပေါ် အာဏာပြ အုပ်ချုပ်သူဖြစ်ခြင်းကို ငြင်းပယ်တော်မူခဲ့ပါသည်။ ဘုရားသခင်၏ နိုင်ငံတော်သည် ဤလောကီနိုင်ငံရေးနှင့် မပတ်သက်သည်ကိုသိ၍ ခရစ်တော်၏ ဦးဆုံးတာဝန်မှာ သတင်းကောင်း ဟောကြားဝေငှခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤလောကနိုင်ငံရေးနှင့် ရှုတ်ထွေးခြင်းကို ခရစ်ယာန်များက ရှောင်ကြဉ်ရမည်။ တစ်ခါတစ်ရံ ခရစ်ယာန်ဘာသာဝင်များ၏ အားပေး ထောက်ခံခြင်းမပြုနိုင်သော အပြုအမူများကို လောကအစိုးရမှ ပြုလုပ်လာတတ်သည်။ (ဥပမာ – စစ်တပ်ထဲဝင်ခိုင်းခြင်း၊ လောင်းကစားမှုအားပေးခြင်း စသည်များ)။ ထိုအခါ ထိုကိစ္စမျိုးကို ခရစ်ယာန် ဖြစ်သူများက ဝေးဝေးရှောင်ရှား ကြရန်သာရှိပါသည်။ သတင်းကောင်း ဟောကြားဝေငှခြင်း၊ ဒုက္ခရောက် သူများကို ကူညီဖေးမခြင်း စသည်များကို ယေရှုခရစ်တော်ပုံစံအတိုင်း လုပ်ဆောင်ကြရပါမည် (ယော ၆း၅၊ ၁၈း၃၆၊ လု ၁၂း၁၄၊ ၂တိ ၂း၄)။

နှင့် တနင်္ဂနွေစာသင်ဝိုင်းများ ဖွဲ့စည်းခြင်းနှင့် ကလေးငယ်များကို ကျမ်းစာသင်ပြသောလူငယ်အဖွဲ့များ စသည်များ ပါဝင်၏။ ခရစ်တော်ညီအစ်ကိုများသည် တစ်ယောက်နှင့်တစ်ယောက် ကြည့်ရှုစောင့်ရှောက်ကြပြီး နေ့စဉ်ကျင်လည်ရသော ဘဝအသက်တာ၌ ယေရှုခရစ်တော်၏ နည်းလမ်းအမှန်များကို လိုက်နာကျင့်သုံးနိုင်ကြရန် အချင်းချင်း ကူညီရပါသည် (တမန် ၂း၄၁-၄၂။ ၁ယော ၁း၃၊၆-၇။ ၁ကော ၁း၉၊ ၁၀း၁၆-၁၇။ ဖိလိ ၂း၁-၃ နှင့် ၁၀-၁၁။ ၂ကော ၆း၁၄။ ဟေဗြဲ ၁၀း၂၄-၂၅။ ၁၃း၁၆။ ၁ပေ ၅း၁-၄)။

## အခန်း ၂၁

## ခရစ်ယာန်အခေါ်အဝေါ်များ နားလည်ခြင်း

Understanding Christian terms

၂၁/၁ **အောက်ပါ ခရစ်ယာန် ဝေါဟာရစကားများ၏ အနက်ကား အဘယ်နည်း။**

(က) အရှင်သခင်ယေရှုခရစ်တော်။

"အရှင်သခင်"သည် ကောင်းကင်နှင့်မြေကြီးတစ်ပြင်လုံးအပေါ် အုပ်ချုပ်ခြင်းအာဏာကျင့်သုံးရန်အတွက် ထာဝရဘုရားမှ ခန့်အပ်သောသူပုဂ္ဂိုလ်ကို ဆိုလိုသည်။ ထိုသူသည် အရာခပ်သိမ်း၏ ဦးခေါင်းဖြစ်ပြီး အထူးသဖြင့် အသင်းတော်ကြီး၏ ဦးခေါင်းဖြစ်တော်မူ၏ (မ ၂၈း၁၈။ ဧဖက် ၁း၂၀-၂၂)။ ယေရှုသည် လူသားမျိုးနွယ်များ အားလုံး၏ ကယ်တင်ရှင်အဖြစ် ထာဝရဘုရားက ခန့်အပ်တော်မူသော ဘုရားရှင်၏ တစ်ပါးတည်းသော သားတော်ဖြစ်ပါသည် (မ ၁း၂၁။ တမန် ၄း၁၂)။ ခရစ်တော်ဆိုသည်မှာ "ဘိသိက်သွန်းလောင်းခြင်း"ဟူသောအဓိပ္ပါယ်ရှိပြီး ကျွန်ုပ်တို့အတွက် ထာဝရအားဖြင့် ထာဝရဘုရားခန့် အပ်တော်မူသော အကြီးဆုံးယဇ်ပုရောဟိတ်နှင့် ကျွန်ုပ်တို့၏ ရှင်ဘုရင်ကြီးဖြစ်ကြောင်း အဓိပ္ပါယ်ရှိပါသည်။ (ဟေဗြဲ ၇း၂၆-၂၈၊ လု ၁း၃၂-၃၃။ ဗျာ ၁၇း၁၄)။



ထို့သို့မဟုတ်ပါကတစ်ယောက်နှင့်တစ်ယောက်ကူညီရိုင်းပင်းမှုလည်းမရှိနိုင်ပါ) (က ၂း၂၁-၂၅၊ ဧဖက် ၅း၂၂-၃၁၊ ၂ကော ၆း၁၄-၁၅)။

၁၉/၁၉ **ခရစ်ယာန်များသည် မိမိလင် (သို့မဟုတ်) မိမိ၏မယားကို ကွာရှင်းနိုင်သလား။**

မကွာရှင်းနိုင်ပါ။ အမှန်ဆုံးမှာ အိမ်ထောင်ပြုခြင်းသည် တစ်သက်တာ (သို့မဟုတ်) ခရစ်တော်ယေရှုပြန်ကြွ ချိန်အထိ အတူတကွ နေထိုင်ရန် သံမိဋ္ဌာန်ချခြင်းဖြစ်ပါသည်။ ယေရှုခရစ်တော်ကို ယုံကြည်သူတစ်ပါး အတွက် ဘုရားရှင်ချမှတ်တော်မူခဲ့သော အမှန်တရားကို လင်မယား ကွာရှင်းမှု၌ ကျူးလွန်ဖေါက်ဖျက်ခြင်းရှိကြောင်းကို သမ္မာကျမ်းစာက အထူးတလည်ဖေါ်ပြနေပါသည် (မာလ ၂း၁၄-၁၆၊ မ ၁၉း၆)။

၁၉/၂၀ **လက်မထပ်ခင် ကျူးလွန်ခြင်းသည် မင်္ဂလာဆောင်ခြင်းနှင့် မည်သို့ဆိုင်သနည်း။**

သမ္မာကျမ်းစာထဲ၌ ဤသို့ပြုမှုကျူးလွန်ခြင်းသည် အကျင့်ပျက်စီးခြင်းဖြစ်ကြောင်းဖြင့် ပါရှိရာ ယေရှုခရစ်တော်သည်လည်း သူ့တပည့်တော်တို့အား ထိုကဲ့သို့သော အကျင့်ပျက်ခြင်းကို မပြုလုပ်ကြရန် သတိပေးတော်မူခဲ့ပါသည်။ ဤသတိပေးစကားသည် မင်္ဂလာမဆောင်ခင် ပြစ်မှားကျူးလွန်ခြင်း အပါအဝင် မိမိ၏လင်/မယားမဟုတ်သော အခြားမည်သူနှင့်မျှ လိင်မှုဆက်ဆံခြင်းမပြုကြရန်အတွက် နှစ်မျိုးစလုံး၌ အကျုံးဝင်၏ (၁ကော ၆း၉-၁၀၊ ၁၈၊ ဂလာ ၅း၁၆-၁၉)။

၁၉/၂၁ **ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်ထက်မက လက်ထပ်ခွင့် ရှိသလား။**

မရှိပါ။ ဓမ္မဟောင်းကျမ်းပါ တစ်ယောက်ထက်ပို၍ မိန်းမယူခြင်းကို သခင်ယေရှုခရစ်တော်က လုံးဝမကြိုက်မနှစ်သက်ပါ။ ခရစ်တော်ဆုံးမသွန်သင်သည်မှာ ယောကျ်ားတစ်ယောက်အတွက် မိန်းမ တစ်ယောက်သာ လက်ထပ်ပေါင်းသင်းရန် ထာဝရဘုရားရှင်က ရည်ရွယ် သတ်မှတ်ပြီး သူတို့သည် သွေးသားတစ်ခုဖြစ်သွားကြောင်းဖြင့် ပါရှိပါသည် (မ ၁၉း၁-၉)။

၁၉/၂၂ **ဤသို့ဆိုသော် လူတစ်ယောက် ဗတ္တိဇံနှစ်ခြင်းခံယူသောအချိန်၌ ထိုသူသည် မိန်းမတစ်ယောက်ထက်မက ရှိနေသူဖြစ်ပါလျှင် မည်သို့ပြုလုပ်ရမည်နည်း။**

ထိုပုံစံအတိုင်း ဆက်လက်ထားရှိရန်သာဖြစ်ပါသည်။ သူ့မိန်းမထဲက တစ်ယောက်ယောက်ကို ကွာရှင်းရန်လည်း မလိုပါ။ အခြား မိန်းမ တစ်ယောက်ထပ်ယူရန်လည်း မလိုပါ။ လက်ရှိသူ့မိသားစုများကို တရားမျှတစွာ ဆက်ဆံရန်သာဖြစ်ပါသည်။ သူတတ်နိုင်သလောက် မျက်နှာလိုက်ခြင်းကင်းမဲ့စွာ သူ့မိသားစုကို လုပ်ကျွေးရမည် (၁ကော ၇း၁၁–၁၇။ ၁တိ ၅း၇–၈)။

၁၉/၂၃ **ခရစ်ယာန်ဘာသာဝင်တစ်ပါး၏ ဖခင်နှင့်မိခင်ဖြစ်သူတို့သည် သူတို့သမီးကို သူတို့သားထံ မအပ်ခင် ခန်းဝင်ပစ္စည်း တောင်းဆိုမှု ပြုသင့် ပါသလား။**

မတောင်းဆိုသင့်ပါ။ တမန်တော်တို့ခေတ်ကို ကြည့်ပါက ခန်းဝင် ပစ္စည်းသည် မင်္ဂလာဆောင်ခြင်းဆိုင်ရာ အစီအစဉ်၌ ပါရှိသော အစိတ်အပိုင်းအဖြစ် သဘောထားခြင်းမရှိကြသည်ကို မြင်နိုင်ပါသည်။ သားသမီးကို ကျွေးမွေးပြုစုရန်သာဖြစ်ကြောင်း ဖက်ရှုရပါသည် (၂ကော ၁၂း၁၄)။

ခရစ်ယာန်များလက်ထပ်ရန် လိုအပ်ခြင်းသည် ယောကျ်ားဖြစ်သူသည် သူ့မိဘကိုထားခဲ့ပြီး သူ့မယားနှင့်အတူတကွ နေထိုင်ရန်ဖြစ်ကာ လင်မယား (၂) ယောက်သည်လည်း သွေးသားတစ်ခု ဖြစ်ရမည်ဟူ၍ ဖြစ်ပါသည် (မ ၁၉း၅)။ အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်အဖေနှင့် အမေတို့သည် သူတို့သားသမီးများကို ထာဝရအသက်ရှင်ခြင်းနှင့် သက်ဆိုင်သော အကျိုးတရားများ ရရှိခံစားနိုင်ရန် ကြည့်ရှု စောင့်ရှောက်ပြီး လက်ရှိလောကအတွက် အမြတ်ထုတ်ခြင်းကို သွန်သင်ခြင်းထက် ထာဝရအတွက် ဦးစားပေးသင့်ပါသည်။ အကြောင်းမှာ လောကချမ်းသာကြွယ်ဝခြင်းသည် သူတစ်ပါးပစ္စည်း တပ်မက်ခြင်းနှင့် လောဘကြီးခြင်းမှ ရရှိသော အရာများဖြစ် သောကြောင့်တည်း။

၁၉/၂၄ **အရေဖျားလှီးခြင်းအမှု၌ ခရစ်ယာန်ဘာသာဝင်များပါ၊ ပါဝင် ပြုကြမည်လား။**

ပါဝင်ရန်မလိုပါ။ ဤရှေးရိုးထုံးစံသည် ဘုရားတရားမသိသူများ၏



ရိုးရာပူဇော်ခြင်း နှင့်သာဆိုင်ပြီး သမ္မာကျမ်းစာထဲ၌တိကျသော ညွှန်ကြား မိန့်ဆိုခြင်းလည်းမရှိပါ။ (ဓမ္မဟောင်းကျမ်းထဲ၌ ဣသရေလ အမျိုးသား တို့ကို အရေဖျားလှီးခြင်းပြုလုပ်ကြရန် သွန်သင်ခြင်း ရှိခဲ့သော်ငြားလည်း ဘာသာရေးပူဇော်ခြင်း မျိုးနှင့်ဆိုင်သော အထူးအထွေမိန့်ဆိုခြင်းမရှိပါ)။ ကျွန်ုပ်တို့အား ခရစ်တော်က အမှောင်၏ အုပ်ချုပ်ခြင်းအောက်မှ ကယ်တင်ပြီးဖြစ်ပါသည် (ကောလော ၁း၁၃)။ မည်သို့ဆိုစေ အရေဖျား လှီးဖြတ်သော ကလေးငယ်နှင့် မလှီးဖြတ်သောကလေးငယ် တို့သည် ထာဝရဘုရားရှေ့တော်၌ ထူးခြားမှုမရှိပါ။ သင့်ကလေးငယ် အရေဖျားလှီးဖြတ်ချင်ပါက ဆရာဝန်တစ်ဦးက ဆေးရုံ၌ ပြုလုပ်နိုင် ပါသည်။

## အခန်း ၂၀

## မိတ်သဟာယဖွဲ့ခြင်း

Fellowship

၂၀/၁ **မိတ်သဟာယဖွဲ့ခြင်းဆိုသောစကားကို မည်သို့သဘောပေါက်ပါ သနည်း။**

မိတ်သဟာယဖွဲ့ခြင်းဆိုသည်မှာ ဝေမျှခြင်း ပါဝင်ခြင်းနှင့် တူညီသော ပိုင်ဆိုင်မှုရှိခြင်းအစရှိသည်များကို ဆိုလိုပါသည်။ ခရစ်တော်ညီအစ်ကိုများသည် (ယုံကြည်သူများ) ကျမ်းစာသွန်သင်ခြင်း၌ တူညီသည့် နားလည်မှုရှိကြရင်း အသက်တာအသစ်၌ အသက်ရှင်ခြင်းကို လိုလားနှစ်သက်ကြပါသည်။ ခရစ်တော်ညီအစ်ကိုများသည် အတူတကွ "အသင်းတော်" ဟူသော အဖွဲ့အစည်းကြီးထဲ၌ ယုံကြည်ခြင်းကို လက်တွေ့ အသုံးချရန် ကြိုးစားနေထိုင်ကြပါသည်။ ပွဲတော်တည်ခြင်း (မုန့်နှင့် စပျစ်ရည်အတူသုံးဆောင်ခြင်း) သည် မိတ်သဟာယဖွဲ့ခြင်း ဆိုင်ရာ အလယ်ဗဟိုသာဖြစ်ပြီး အခြားသော အသင်းတော်ဆိုင်ရာ အရေးကြီးသည့် လုပ်ရှားမှုအပိုင်းများလည်း ရှိပါသေးသည်။ ဤထဲ၌ သတင်းကောင်းဟောကြားခြင်း၊ ကျမ်းစာ သင်ကြားလေ့လာရန်စုဝေးခြင်း

(ခ) ကောင်းကင်နိုင်ငံတော်။

ဤစကားလုံးသည် ထာဝရဘုရား၏နိုင်ငံတော်ဟူ၍လည်းခေါ်ကြ၏ (မ ၁၃း၃၂၊ မာကု ၄း၃၀)။

(ဂ) ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သောသူဖြစ်စေခြင်း။

ကျွန်ုပ်တို့သည် အပြစ်တရားကြောင့် ပျက်စီးသောသူအဖြစ် ဘုရားရှင်ရှေ့တော်၌ ရောက်ရှိနေကြကုန်၏။ သို့သော် ယေရှုခရစ်တော် ကို ယုံကြည်ပြီး သူ၏ကယ်တင်နိုင်သော စွမ်းအားတန်ခိုးတော်ကို လက်ခံပါက ထာဝရဘုရားရှင်သည် ကျွန်ုပ်တို့အား ဖြောင့်မတ်သောသူ အဖြစ် အသိအမှတ်ပြုတော်မူ၏ (ရော ၄း၄–၅၊ ၅း၁–၂)။

(ဃ) ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရကြောင်း။

ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်ခြင်းအားဖြင့် ကယ်တင်ခြင်းကို မရရှိနိုင်ပါ။ ထို့ကြောင့် ထာဝရဘုရားက ကျွန်ုပ်တို့ကယ်တင်ခြင်း ရရှိရန်အတွက် အဖိုးအခမယူသော ပေးဆောင်ခြင်းကိုပြုတော်မူ၏။ ကျေးဇူးတော် ဆိုသည်မှာ မထိုက်မတန်ဖြစ်လျက်နှင့် မျက်နှာသာ ရရှိခြင်းကို ဆိုလိုပါသည်။ ဤသို့ဆိုရာတွင် အပြစ်ဒုစရိုက်ထဲ၌ ကိုယ်ကြိုက်သလို ဆက်လက်နေထိုင်၍ရသည် – ဆိုသော သဘောမျိုးမဟုတ်ပါ။ ကျွန်ုပ်တို့ ရရှိခံစားသော ကယ်တင်ခြင်းတရား နှင့်ပတ်သက်လာပါက ကြောက်ရွံ့ တုန်လှုပ်စွာနေထိုင်ရပါမည်။ ဤသာမက ထာဝရဘုရားသည် သူ့စိတ်တော်ပျော်ရွှင်ခြင်းအတွက် ကောင်းသောအမှုကို ပြုလိုသော ဆန္ဒနှင့် သူ၏ လုပ်ဆောင်ခြင်းကိုပါ သိရှိနားလည်ရပါမည် (ဧဖက် ၂း၁–၁၀၊ ရော ၆း၁၊ ဖိ ၂း၁၂–၁၃)။

(င) ယေရှုခရစ်တော်၏ အသွေးတော်အားဖြင့် ရွေးယူသူဖြစ်ခြင်း။

ကျေးကျွန်တစ်ယောက်သည် "လူလွတ်" ဖြစ်လာရန်အတွက် သူ၏ လွတ်လပ်ခြင်းကိုဝယ်ယူမှသာဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း အပြစ်တရား၏ ချုပ်နှောင် ကျွန်ပြုမှုအောက်မှ လွတ်ကျွတ်ရန် ဝယ်ယူမှု လိုအပ်ပါသည်။ ခရစ်တော်အသေခံပြီး အသွေးတော်သွန်းလောင်း ဖိတ်ကျသောအခါ၌သာ ကျွန်ုပ်တို့၏ အပြစ်သည်လည်း ဖယ်ရှားမှု ရှိပါသည်။ ထို့ကြောင့် ယေရှုခရစ်တော်က ကျွန်ုပ်တို့တတွေ ထာဝရဘုရား၏

သားသမီးဖြစ်လာရေးအတွက် အဖိုးအခကို ပေးချေတော် မူ၏ (ဂလာတိ ၃း၁၃၊ ၁ပေ ၁း၁၈)။

(စ) ယေရှုခရစ်တော်၌ သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ခြင်းခံရသူများ။

သန့်ရှင်းစင်ကြယ်စေခြင်းဆိုသောအခါ ဘုရားရှင်၏ အမှုတော် ထမ်းဆောင်ဖို့ သီးသန့်ခွဲထားခြင်း သဘောကို ဆိုလိုပါသည်။ ကျွန်ုပ်တို့သည် ဗတ္တိဇံခံယူရခြင်းကြောင့် ယေရှုခရစ်တော်အားဖြင့် ဘုရားရှင်၏ မိသားစုထဲသို့ဝင်ရောက်နိုင်ခြင်းဖြစ်ပြီး သူ့အပေါ် မှီခိုရင်း ကိုယ်တော်ရှင်၏ နာမတော်မြတ်ကိုလည်း ခေါ်ယူနိုင်သောအခွင့်ကို ရရှိခြင်းဖြစ်ပါသည် (၁ကော ၁း၂)။

(ဆ) အလင်းတရား၌ သူတော်စင်များ။

မည်သည့်တရားကျင့်သုံးသော အသင်းတော်မဆို လူတစ်ယောက် သေဆုံးပြီးမှ သူတော်စင်အဖြစ် ခေါ်ဝေါ် သတ်မှတ်ခြင်းမျိုးကို မဆိုလိုပါ။ အလင်းတရားထဲ၌ ကျင်လည် ရှင်သန် လှုပ်ရှားသောသူများဆိုသည်မှာ ယေရှုခရစ်တော်၏ တရားတော် အလင်းထဲမှ လာသော အလင်းတရားကို လက်ခံရရှိကျင့်သုံးသူများကိုသာ ဆိုလိုပါသည်။ သူတို့အပိုင်းကနေ သူတို့လုပ်ဆောင်ရမည့် လိုက်နာရမည့် အရာများကို သိရှိနားလည်သူများဖြစ်ကြပြီ။ ဘုရားရှင်၏ ကောင်းကင် နိုင်ငံတော် အတွက် ဘဝတစ်ခုလုံး ပုံအပ်ကာ ဆက်ကပ်သူများ ဖြစ်ကြ၏ (ကောလောဆဲ ၁း၉–၁၄)။

(ဇ) သွေးသား၏ တောင်တခြင်းကြောင့် ဖြစ်ပေါ်လာသော ရမက် လုပ်ဆောင်မှုများ။

မတရားမေထုံမှီဝဲခြင်း၊ သန့်ရှင်းစင်ကြယ်မှုမရှိခြင်း၊ ခံပြင်းတတ်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ အောက်လမ်းပညာသည်ဖြစ်ခြင်း၊ ရန်ပြု ရန်ထောင်ခြင်း၊ ရန်းရင်းဆန်ခပ်ဖြစ်ခြင်း၊ မနာလိုစိတ်ရှိခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ သဘောထားကွဲပြားခြင်း၊ ဒေါသထွက်ခြင်း၊ လူစုကွဲခြင်း၊ ဖျက်လိုဖျက်ဆီးလုပ်ခြင်း၊ မူးယစ်ရမ်းကားခြင်း၊ အံစားကြီးခြင်း အစရှိသည်များသည် လောကသွေးသားတောင့်တခြင်းမှ ဖြစ်ပေါ်လာ၏။ ဤကဲ့သို့ပြုမူနေထိုင်ပြောဆိုတတ်သူများသည် ဘုရားသခင်၏ နိုင်ငံတော်ကို



ဝင်စားအမွေခံပိုင်ခွင့် မရှိပါ (ဂလာတိ ၅း၁၉–၂၁။ ကောလောသဲ ၃း၅–၆)။

(ဈ) ဝိညာဉ်အသီးအပွင့်များ။

ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်း၊ ငြိမ်းချမ်းစွာနေထိုင်ခြင်း၊ စိတ်ရှည်ခြင်း၊ ကောင်းမြတ်သောအကျင့်ရှိခြင်း၊ သစ္စာစောင့်သိခြင်း၊ စိတ်ထားနူးညံ့ သိမ်မွေ့ခြင်း မိမိကိုယ်ကိုမိမိ ချုပ်တည်းနိုင်ခြင်း စသည်များဖြစ်၏ (ဂလာ ၅း၂၂–၂၄။ ကောလောသဲ ၃း၁၂–၁၇)။

(ည) ယုံကြည်ခြင်းမှတစ်ဆင့်ဖြစ်ပေါ်လာသော ဘုရားရှင်၏ ဖြောင့်မတ်ခြင်း တရား။

ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ ကိုယ်ပိုင်ဖြောင့်မတ်ခြင်း မရှိသူများ ဖြစ်ကြ၏ (ရော ၅း၂၃)။ ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဘုရားရှင်ပေးတော်မူသော ကယ်တင်ခြင်းနေရာမှာ ရောက်ရှိသောအခါ၌သာ ထာဝရဘုရားသည် ကျွန်ုပ်တို့ကို ဖြောင့်မတ်သောသူများ၏ စာရင်းထဲသို့ထည့်သွင်း တော်မူ၏ (ရော ၅း၂၁–၂၂)။

× × ×